၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 699 MARCH 1, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

# နိုင်ငံရေးအကျဉ်းသားများပိုမိုလွတ်မြောက်ရေး နိုင်ငံတကာ၏ပြင်းထန်သည့်ဖိအားပေးရန်လိုအပ်

**VOB ၊ ဖေဖော်ဝါရီ ၂၅ ။** ။ ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့–မြန်မာပြည်(AAPP-B) က မြန်မာနိုင်ငံတွင်းက နိုင်ငံရေးအကျဉ်းသားတွေ ပိုမိုလွတ်မြောက်လာစေဖို့ဆိုရင် နိုင်ငံတကာအသိုင်းအဝိုင်းက စစ်အစိုးရအပေါ် ပိုမိုဖိအားပေးပါလို့ တိုက်တွန်းလိုက်ပါတယ်။

AAPP-B က နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာနိုင်ငံက နိုင်ငံရေးအကျဉ်းသားနည်းနည်းပါးပါးလောက်လွှတ်ပေးရုံနဲ့ အပြည့်အဝ မချီးကျူးသေးသင့်ဘူးဆိုတာနဲ့ စစ်အစိုးရအပေါ်မှာ ပိုမိုပြင်းထန်တဲ့ ဖိအားပေးသင့်တယ်လို့ ဆိုပါတယ်။

AAPP-B ရဲ့ကြေညာချက်ထဲမှာ နိုင်ငံရေးအကျဉ်းသားအနည်းအကျဉ်းလောက်လွှတ်ပေးတာကို တိုးတက်မှုလို့ မသတ်မှတ်သင့်ကြောင်း၊ မြင့်မားလာနေတဲ့နိုင်ငံတကာဖိအားလျော့ကျသွားစေဖို့အတွက် လွှတ်ပေးခြင်းသာဖြစ်ကြောင်း ဆိုထားပါတယ်။

AAPP-B အတွင်းရေးမှူး ကိုတိတ်နိုင် က နိုင်ငံရေးအကျဉ်းသားနည်းနည်းလေးလွှတ်ရုံနဲ့ မြန်မာနိုင်ငံရဲ့အခြေအနေတိုးတက်လာပြီလို့ တွက်ဆလို့မရဘူး၊ နိုင်ငံတကာဖိအားလျော့အောင်လုပ်တာပဲဖြစ်တယ် လို့ ဆိုပါတယ်။

သူက ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ လွှတ်ဖို့လိုသေးတယ်ဆိုတဲ့အကြောင်းနဲ့ အဲဒီလိုလွှတ်လာမှ ဒီမိုကရေစီရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို စစ်အစိုးရက အမှန်တကယ်လိုအပ်တယ်လို့ ပြောလို့ရမယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်သောကြာနေ့က စစ်

## မြန်မာပြည်လူ့အခွင့်အရေးအခြေအနေအပေါ် အမေရိကန်ပြည်ထောင်စု ပြင်းပြင်းထန်ထန်ရှုတ်ချ

**VOB ၊ ဖေဖော်ဝါရီ ၂၅ ။** ။ မြန်မာစစ်အစိုးရဟာ သူ့ရဲ့ပြည်သူပြည်သားတွေကို ရက်ရက်စက်စက်ဖိနှိပ်နေပြီး ကျေးရွာတွေကိုလည်း ဖျက်ဆီးပစ်နေတယ်လို့ အမေရိကန်ပြည်ထောင်စုက နှစ်စဉ်ထုတ်ပြန်တဲ့ လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အမေရိကန်နိုင်ငံခြားရေးဌာနက ထုတ်ပြန်တဲ့နှစ်ပတ်လည်အစီရင်ခံစာမှာ စစ်အစိုးရဟာ သူနဲ့သဘောထားကွဲလွဲတဲ့သူတွေကို ရက်စက်စွာဖိနှိပ်တဲ့အပြင် ပြည်သူပြည်သားတွေကိုလည်း အစိုးရကိုပြောင်းလဲချင်တဲ့ အခွင့်အရေးကိုမပေးပဲ ငြင်းဆန်နေတယ်၊ တခြားလူ့အခွင့်အရေးတွေကိုလည်း ဆိုးဆိုးရွားရွားဖောက်ဖျက်ကျူးလွန်နေတယ်လို့ ဆိုပါတယ်။

အဲဒါအပြင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးတဲ့နောက် ပြည်သူများရဲ့ အရေးကိစ္စကို အလေးမထားပဲ အခြေခံဥပဒေ လူထုဆန္ဒခံယူပွဲကို ပြုလုပ်တာ၊ ပြည်သူတွေရဲ့အသက်တွေကို ကယ်တင်ပေးရာရောက်တဲ့ နိုင်ငံတကာရဲ့ အကူအညီတွေကို နှောင့်နှေးအောင် လုပ်တယ်ဆိုပြီး အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။

တိုင်းရင်းသားလူမျိုးစုတွေနေထိုင်ရာကျေးရွာတွေကို အတင်းအဓမ္မရွှေ့ပြောင်း မီးရှို့ဖျက်ဆီးတာတွေကို လုပ်ဆောင်တယ်၊ ရွာသားတွေအန္တရာယ်ကြီးစွာနေထိုင်ရတယ်လို့ အစီရင်ခံထားပါတယ်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လုပ်ရန် အီးယူက နအဖကိုတိုက်တွန်း **စာမျက်နှာ ၂**

မြန်မာပြည်ဆိုင်ရာ အမေရိကန် ပေါ်လစီသစ် ပေါ်ပေါက်ဖွယ်ရာရှိ **စာမျက်နှာ ၃**

စိတ်ကြွဆေး ထုတ်လုပ်မှု မြန်မာပြည်ထိပ်ဆုံး **စာမျက်နှာ ၅**

မြန်မာနိုင်ငံအပေါ်ဒဏ်ခတ်မှုမအောင်မြင်ရခြင်းတွင် တရုတ်က စစ်အစိုးရအား ထောက်ခံ အားပေးမှုက အဓိကအကြောင်းရင်း **စာမျက်နှာ ၈**

အာဆီယံလူ့အခွင့်အရေး ကော်မတီပေါ်ထွန်းမည် လူ့အခွင့်အရေးချိုးဖောက်မှု အရေးယူမည့်စနစ်မရှိ **စာမျက်နှာ ၁၁**

VOB အာဘော်

# လုံလောက်မှုမရှိတဲ့ခြေလှမ်း

မြန်မာစစ်အာဏာပိုင်များက နိုင်ငံရေးအကျဉ်းသား ၂၄ ဦးအပါအဝင် အကျဉ်းသား ၆၀၀၀ ကျော်ကို လွန်ခဲ့သည့်သီတင်းပတ်ကုန်မှ စတင်လွှတ်ပေးခဲ့သည်။ နိုင်ငံရေးအကျဉ်းသားတချို့ပြန်လည် လွတ်မြောက်လာခြင်းသည် ကောင်းသောလက္ခဏာဖြစ်သည်။ ကာယကံရှင်နှင့် ၎င်း၏မိသားစုဝင်များအတွက်လည်းကောင်းသည်၊ ဒီမိုကရေစီအင်အားစုများအတွက်လည်းကောင်းသည်။ စစ်အာဏာရှင်များအတွက်လည်းကောင်းသည်။ ဤသည်မှာ မည်သူမျှငြင်း၍မရသောအချက်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ပတ်ဝန်းကျင်လောက်ရှိသည်ဟု အများက လက်ခံအသိအမှတ်ပြုထားသည်။ ဤ ၂၀၀၀ အရေအတွက်နှင့် ၂၄ ဦးတို့ နှိုင်းယှဉ်ကြည့်လျှင် မည်သို့မျှပြောပလောက်သောအရာမဟုတ်ပေ။ ထို့အပြင် လွတ်မြောက်လာကြသည့်သူများထဲတွင် မြန်မာ့ဒီမိုကရေစီရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပေါ်လစီချမှတ်သည့် အရေးကြီးသောသူ မပါဝင်သေးပေ။ ပြည်သူ့ကိုယ်စားလှယ်တဦးသာပါဝင်သည်။ ထို့ကြောင့် အရည်အချင်းအရကြည့်လျှင်လည်း မပြောပလောက်ပေ။ စစ်အာဏာရှင်များအား ထူးထူးခြားခြားချီးကျူးစရာအချက်မရှိပေ။

သို့သော် အရေအတွက်အရရော အရည်အချင်းအရပါ သိသာတိုးတက်သည့် နိုင်ငံရေးအကျဉ်းသားလွှတ်ပေးမှုကို စစ်အာဏာပိုင်များ ဆက်တိုက်အမြန်ဆုံးလုပ်ဆောင်ရန်လိုအပ်နေသည်ဟု သတိပေးလိုသည်။ အကြောင်းမူကား ဖမ်းထားသူများ၊ ဖမ်းခံနေရသူများ၊ မြန်မာနိုင်ငံအနာဂတ်အတွက် ကောင်းကျိုးဖြစ်ထွန်းစေမည့်အတွက်ကြောင့်ဖြစ်သည်။ ထိုအခွင့်အရေးကို အာဏာပိုင်များ လက်လွှတ်အဆုံးရှုံးမခံသင့်ပေ။ နိုင်ငံရေးအကျဉ်းသားများကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးခြင်းသည် စစ်အာဏာပိုင်များသည် စစ်မှန်သည့်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ပြည်တွင်းရှိ ဒီမိုကရေစီအင်အားစုများ၊ ပြည်သူပြည်သားများနှင့် အတူလက်တွဲလုပ်ဆောင်လိုသည်ကို အပြောဖြင့်မဟုတ် အလုပ်ဖြင့်သက်သေပြရာရောက်သောကြောင့်ဖြစ်သည်။ သို့ဆိုလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်အဘက်ဘက်တွင်ချွတ်ခြုံကျနေသည့်အခြေအနေများကို အမြန်ဆုံးကုစားနိုင်ရေးအတွက် နိုင်ငံတကာ၏ကူညီပံ့ပိုးမှုများ၊ ထောက်ပံ့မှုများကို ရရှိနိုင်မည့်ဖြစ်သည့်အပြင် စစ်အာဏာပိုင်များ အထူးလိုလားနေသည့် ပြစ်ဒဏ်ခတ်အရေးယူမှုရုပ်သိမ်းပေးရေးဆိုသည်မှာ သေချာပေါက်အကောင်အထည်ပေါ်လာနိုင်ပေသည်။

ထို့ကြောင့် ယခုလွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသားအရေအတွက်သည် နအဖမျှော်လင့်နေသော နိုင်ငံတကာဖိအားလျော့ကျရေး ပြစ်ဒဏ်ခတ်မှုရုပ်သိမ်းရေးတို့ဖြစ်ထွန်းရေးအတွက် လုံလောက်သောခြေလှမ်းမဟုတ်ဆိုသည်ကို သတိပြုမိစေရန် ရေးသားလိုက်ရပေသည်။

---

# နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ရန် အီးယူက နအဖကိုတိုက်တွန်း

**VOB ၊ ဖေဖော်ဝါရီ ၂၄ ။** ။ အီးယူအလှည့်ကျဥက္ကဋ္ဌက မြန်မာစစ်အစိုးရအနေနဲ့ အတိုက်အခံတွေနဲ့တွေ့ဆုံဆွေးနွေး၊ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်၊ နိုင်ငံရေးပါတီတွေအပေါ် ကန့်သတ်ချုပ်ချယ်ထားတာတွေကို ဖယ်ရှားပါဆိုပြီး ကြေညာချက်တစောင်ထုတ်ပြန်လိုက်ပါတယ်။

အီးယူရဲ့ကြေညာချက်တစောင်က အီးယူဥက္ကဋ္ဌဟာ မြန်မာစစ်အစိုးရကို ဒေါ်အောင်ဆန်းစုကြည်အပါအဝင်နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးဖို့ ပြင်းပြင်းထန်ထန်တောင်းဆိုတယ်၊ နိုင်ငံရေးပါတီတွေကို ကန့်သတ်ချုပ်ချယ်ထားတားအားလုံးကို ဖယ်ရှားပစ်ဖို့နဲ့ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများအပါအဝင် အားလုံးပါဝင်နိုင်တဲ့ တွေ့ဆုံဆွေးနွေးပွဲကို လုပ်ပါလို့ တိုက်တွန်းထားပါတယ်။

၂၀၀၉ ခုနှစ် ဂျန်နဝါရီလမှ ဇွန်လအထိ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူတဲ့ ချက်သမတနိုင်ငံက ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက်ဖြစ်သည့် မြန်မာနိုင်ငံတွင်းက နိုင်ငံရေးလုပ်ငန်းစဉ်များသည် သိသာထင်မြင်လွယ်မှုမရှိ၊ လွတ်လပ်ပြီးတရားမျှတမှုမရှိ၊ အခြေခံဥပဒေရေးဆွဲရေးမှာလည်းအတိုက်အခံအင်အားစုတွေရဲ့ သဘောထားအမြင်ကို ထင်ဟပ်မှုမရှိ၊ တဘက်သတ်ဆုံးဖြတ်သတ်မှတ်ခြင်းဖြစ်တယ်လို့ ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။

မြန်မာပြည်ဆိုင်ရာကုလသမဂ္ဂအထူးကိုယ်စားလှယ် အီဘာရာဟင်ဂမ်ဘာရီပြောတဲ့ အခုချိန်ဟာ မြန်မာစစ်အာဏာပိုင်များအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက စိုးရိမ်ပူပန်နေတဲ့အရာတွေကို အကောင်းဆုံး ဖြေရှင်းဖို့အချိန်ပဲ ဆိုတဲ့အပေါ် တသဘောတည်းဖြစ်တယ်လို့ အီးယူဥက္ကဋ္ဌက ပြောပါတယ်။

အီးယူဟာ ၁၉၉၆ ခုနှစ်ကတည်းကစပြီး မြန်မာ့အရေးနဲ့ပတ်သက်ပြီး အားလုံးတပြေးညီရပ်တည်ခဲ့ပါတယ်။ အဲဒီလိုရပ်တည်ချက်ထဲမှာ မြန်မာစစ်အစိုးရအပေါ် စီးပွားရေးပိတ်ဆို့မှု၊ လက်နက်ရောင်းချမှုပိတ်ပင်တားဆီးမှု၊ မြန်မာစစ်အရာရှိများနဲ့ သူတို့ရဲ့မိသားစုများအီးယူနိုင်ငံတွေသို့ လာရောက်လည်ပတ်မှု၊ အဆင့်မြင့်အရာရှိတွေ လာရောက်မှုတွေကို ကန့်သတ်ပိတ်ပင်ထားခဲ့ပါတယ်။ ၂၀၀၇ ခုနှစ် စက်တင်ဘာ သံဃာ့ အရေးတော်ပုံကို နှိပ်ကွပ်ခဲ့ပြီးနောက် အီးယူဟာ ပိုမိုတင်းကျပ်တဲ့အရေးယူမှုတွေကို ပြုလုပ်ခဲ့ပါတယ်။ ဒီလိုပြစ်ဒဏ်ခတ်အရေးယူထားပေမဲ့လည်း အီးယူဟာ လူသားချင်း စာနာထောက်ထားတဲ့အကူအညီတွေကို မြန်မာပြည်သို့ ပေးနေတုန်းပါပဲ။

ဥရောပကော်မရှင်မင်းကြီး ဘဲန်နီတာဝေါလ်ဒ်နာ က မြန်မာနိုင်ငံမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအကြီးအကျယ်လိုအပ်နေကြောင်း၊ နိုင်ငံရေးအကျဉ်းသားတွေပြန်လွှတ်ရေး၊ ကောင်းမွန်တဲ့ အုပ်ချုပ်မှုများကို အလွန်အမင်းလိုအပ်နေတယ်လို့ ပြောပါတယ်။ ဆက်လက်ပြီး သူမက အာဆီယံနဲ့ ကုလသမဂ္ဂတို့ကလည်း မြန်မာပြည်ထဲမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေဖြစ်ထွန်းစေရေးအတွက် တက်တက်ကြွကြွနဲ့လုပ်ဆောင်ဖို့ ကိုလည်း တိုက်တွန်းပြောဆိုပါတယ်။

# မြန်မာပြည်ဆိုင်ရာအမေရိကန်ပေါ်လစီသစ် ပေါ်ပေါက်ဖွယ်ရာရှိ

**VOB ၊ ဖေဖော်ဝါရီ ၂၅ ။** ။ မြန်မာစစ်အာဏာပိုင်တွေရဲ့ တင်းမာလှတဲ့ သဘောထားရပ်တည်ချက်ကို ပြုပြင်ပြောင်းလဲရေးဟာ အမေရိကန် သမတ ဘာရက်အိုဘားမားက လုပ်ဆောင်မယ့် ဦးစားပေးအစီအစဉ်ထဲ မပါပေမဲ့လည်း သူ့အတွက် ဒီကိစ္စဟာ တိုးတက်အောင်မြင်မှုရဖို့ ခက်ခဲမယ့်ကိစ္စထဲမှာ ပါဝင်မှာဖြစ်ပါတယ်။

ကုလသမဂ္ဂရဲ့ဖိအား၊ စီးပွားရေးပြစ်ဒဏ်ခတ်အရေးယူမှု၊ လူထုအုံကြွမှု၊ လက်နက်ကိုင်တော်လှန်ရေး စတာတွေဟာ အာဏာရှင်ဗိုလ်ချုပ်ကြီးတွေကို ပြုတ်ကျသွားအောင်လုပ်နိုင်တာမျိုးမရှိသေးတဲ့အတွက် မစ္စတာအိုဘားမားဟာ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့အပြောင်းအလဲတွေကို ဖော်ဆောင်နိုင်မယ့်ထိရောက်တဲ့ချဉ်းကပ်မှုအသစ်ကို လုပ်နိုင်ပါ့မလားဆိုတာ မေးခွန်းထုတ်စရာပါပဲ။

ကုလသမဂ္ဂဝန်ထမ်းဟောင်းလည်းဖြစ် သမိုင်းပညာရှင်တဦးလည်းဖြစ်တဲ့ ဦးသန့်မြင့်ဦးက နိုင်ငံတကာပေါ်လစီ အပြောင်းအလဲဟာ ထိရောက်မှုရှိတယ်လို့ ဆိုကြမယ်ဆိုရင် အဲဒီအပြောင်းအလဲဟာ ဝါရှင်တန်ကနေလာတာပဲဖြစ်လိမ့်မယ်၊ အမေရိကန်ဟာ အဓိကသော့ချက်နေရာမှာရှိနေဆဲဖြစ်တယ်လို့ ဆိုပါတယ်။ မြန်မာစစ်အစိုးရဟာ နိုင်ငံတကာရဲ့ အပယ်ခံဖြစ်နေတာကို မလိုလားပဲ အမေရိကန်အစိုးရရဲ့ အသိအမှတ်ပြုခံရတာကို လိုချင်တယ်၊ ပြစ်ဒဏ်ခတ်အရေးယူထားတာကို ရုပ်သိမ်းစေလိုတယ်လို့ သူက ပြောပါတယ်။

ဦးသန့်မြင့်ဦးရဲ့ပြောဆိုချက်ကို ဖိလစ်ပိုင်နိုင်ငံက ထင်ရှားတဲ့ လွှတ်တော်အမတ်တဦးဖြစ်တဲ့ အက္ကီလီနို ပီမဲန်တဲလ် က အိုဘားမားဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို အလေးထားတဲ့သူတယောက်ဖြစ်တဲ့အတွက်သူဟာ အရေးပါတဲ့နေရာမှာရှိနေမယ့်သူဖြစ်တယ် လို့ အေပီသတင်းဌာနကို ပြောပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က သူမရဲ့ အာရှခရီးစဉ်အတွင်းမှာ မြန်မာစစ်အစိုးရအပေါ် သြဇာသက်ရောက်မှုတွေရှိမယ့် အမေရိကန်ရဲ့ခြေလှမ်းသစ်ကို ရှာဖွေနေပြီဆိုတဲ့အကြောင်းနဲ့ မြန်မာပြည်သူပြည်သားတွေကို ထိထိရောက်ရောက်ကူညီပေးနိုင်မယ့် နည်းလမ်းတွေကိုလည်း ရှာဖွေနေပြီလို့ ဆိုခဲ့ပါတယ်။

အကဲခတ်တွေကတော့ အမေရိကန်ရဲ့ပြစ်ဒဏ်ခတ်အရေးယူမှု၊ ကုလသမဂ္ဂပိုမိုပူးပေါင်းဆောင်ရွက်မှု၊ တခြားနိုင်ငံတွေက မြန်မာ့အရေးမှာ ရှေ့တန်းထွက်လုပ်ဆောင်မှု၊ စစ်အစိုးရရဲ့မဟာမိတ် တရုတ်နဲ့ တခြားနိုင်ငံတွေကို မြန်မာပြည်အပေါ် ပိုမိုသြဇာထိထိရောက်ရောက်နဲ့ ပြောဆိုလုပ်ဆောင်လာစေအောင်ကြိုးပမ်းမှု၊ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေကို ပိုပြီးပေးတာအပါအဝင် ဆုပေးဒဏ်ပေးစနစ်ကို ပိုမိုကျင့်သုံးစေရေး စတာတွေကို သတိထားပြီး အလေးပေးလုပ်ဆောင်သင့်တယ်လို့ ဆိုပါတယ်။

ဂျပန်က ခေးအိုတက္ကသိုလ်က မြန်မာ့အရေးကျွမ်းကျင်သူ ဒေါ်နယ်ဆီးကင်းစ် က အိုဘားမားရဲ့ မဟာမိတ်တွေနဲ့ ပေါင်းပြီးအားလုံးလက်ခံသဘောတူတဲ့လုပ်ဆောင်ချက်၊ ညှိနှိုင်းဆောင်ရွက်မှုလုပ်တဲ့ နိုင်ငံခြားရေးပေါ်လစီက ဘုရှ်အစိုးရရဲ့ တဦးတည်းဆုံးဖြတ်လုပ်ကိုင်တဲ့ ပေါ်လစီထက် ပိုပြီး ထိရောက်မယ် လို့ ဆိုပါတယ်။

အမေရိကန်ရဲ့ ကုလသမဂ္ဂသံအမတ်အသစ် ဆူဇန် ရိုက်စ် ကလည်း မြန်မာစစ်အာဏာရှင်တွေကို ဒေသတွင်းနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက ပိုမိုဖိအားပေးနိုင်ဖို့လုပ်ဆောင်မယ့်လို့ ဆိုပါတယ်။ အဲဒီအထဲမှာ နည်းလမ်းစုံဖိအားပေးမှုတွေနဲ့ အာဆီယံနိုင်ငံတွေက ပိုမိုတင်းကျပ်တဲ့ချဉ်းကပ်မှုတွေ မြန်မာပြည်အပေါ် လုပ်လာရေးတွေလည်းပါဝင်မယ်လို့ သူမက ဆိုပါတယ်။ ဒါပေမဲ့ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူးဆိုတာကိုတော့ သူမက သတိပေးထားပါတယ်။

ဒီလိုအခြေအနေတွေရှိနေပေမဲ့လည်း မြန်မာစစ်အာဏာပိုင်တွေ အာဏာချုပ်ကိုင်မှုတွေ လျော့ပါးသွားရေးမှာ အမေရိကန်ဟာ အရေးပါတဲ့နေရာမှာရှိနေတယ်ဆိုတာကိုတော့ တချို့က မျှော်လင့်ထားပါတယ်။

သမတအိုဘားမားရဲ့ ရာထူးလက်ခံတဲ့ အဖွင့်မိန့်ခွန်းမှာ အကျင့်ပျက်လာဘ်စားမှုတွေ၊ အတိုက်အခံတွေကို လှည့်ဖြားဖိနှိပ်ပြီးတော့ အာဏာကိုဖက်တွယ်ထားတဲ့သူတွေကို ထည့်သွင်းပြီး သတိပေးပြောဆိုခဲ့တာ၊ ဆုပ်ထားတဲ့လက်သီးကို ဖြန့်တဲ့သူတွေအတွက် အမေရိကန်က လက်ကမ်းဖို့ အဆင်သင့်ရှိတယ်ဆိုတာကိုထည့်သွင်းပြောဆိုခဲ့တာနဲ့ပတ်သက်ပြီး မြန်မာရှေ့နေတဦးဖြစ်တဲ့ ဦးမောင်မောင်ကြီးက အခုလိုပြောဆိုချက်ဟာ မြန်မာပြည်ကို ရည်ညွှန်းပြောဆိုခဲ့တာဖြစ်တယ်ဆိုတဲ့အကြောင်း နဲ့ အမေရိကန်အစိုးရဟာ ဖောက်ပြန်တဲ့အစိုးရတွေကို သည်းညည်းခံမှာမဟုတ်ဘူးဆိုတာကို ပြင်းပြင်းထန်ထန် သတိပေးတာပဲလို့ ဆိုပါတယ်။

မစ္စတာအိုဘားမားဟာ သမတရွေးကောက်ပွဲ မဲဆွယ်စဉ်က ပြစ်ဒဏ်ခတ်အရေးယူမှုကို ထောက်ခံသူတဦးဖြစ်တယ်ဆိုတာကို ပြသခဲ့ပါတယ်။ အမေရိကန်ဟာ ၁၉၉၇ ခုနှစ်ကတည်းကစပြီး ပါတီကြီး၂ ရပ်စလုံးရဲ့ ထောက်ခံအတည်ပြုမှုနဲ့ မြန်မာပြည်အပေါ် စီးပွားရေးပြစ်ဒဏ်ခတ်အရေးယူမှုတွေ လုပ်ထားပါတယ်။ အဲဒါအပြင် စစ်အာဏာပိုင်ထိပ်သီးတွေနဲ့ သူတို့တတွေရဲ့အပေါင်းအပါတွေပိုင်ဆိုင်တာတွေကိုလည်း ထိန်းချုပ်ခဲ့တဲ့အတွက် မြန်မာစစ်ဗိုလ်ချုပ်တွေ အတော်ကြီးကို အထိနာနေပါတယ်။ ဒါကြောင့်လည်း ပြစ်ဒဏ်ခတ်အရေးယူတာတွေပကို ရုပ်သိမ်းပေးပါဆိုပြီး ကုလသမဂ္ဂမှာရော၊ အိုဘားမားသမတဖြစ်လာပြီးတဲ့နောက်ပိုင်းမှာပါ အတိအလင်းပြောဆိုခဲ့ပါတယ်။ ဒါတင်မကပါဘူး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုပါ ပြစ်ဒဏ်ခတ်ရေးပြောဆိုလုပ်ကိုင်နေတာတွေကို ရပ်တန့်ပေးဖို့ပါ တောင်းဆိုခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ သူတို့ဟာ စစ်အစိုးရအပေါ် ပြစ်ဒဏ်ခတ်အရေးယူမှုတွေလုပ်ထားတဲ့သူမဟုတ်ဘူးလို့ ဆိုထားပါတယ်။

ထိုင်းနိုင်ငံတောင်ပိုင်းက အပန်းဖြေစခန်းတခုမှာ အာဆီယံထိပ်သီးအစည်းအဝေးကို ကျင်းပမှာဖြစ်ပြီး အဲဒီအစည်းအဝေးကလည်း မြန်မာအရေးနဲ့ပတ်သက်ပြီး ထိရောက်တဲ့လုပ်ဆောင်ချက်တွေမလုပ်ပဲ အပြောသက်သက်သာလုပ်တယ်လို့ မြန်မာ့အရေးလှုပ်ရှားသူတွေကြားထဲမှာ ပြောဆိုဝေဖန်ကြပါတယ်။ ဒါကြောင့် မြန်မာ့အရေးမှာ NATO- Non Action Talk Only လို့ အာဆီယံခေါင်းဆောင်တွေကို ပြက်ရယ်ပြုပြောဆိုနေကြပါတယ်။

ဝါရှင်တန်ကတော့ မြန်မာနိုင်ငံကို ပြစ်ဒဏ်ခတ်အရေးယူထားတာဟာ လူ့အခွင့်အရေးဆိုးရွားစွာချိုးဖောက်နေမှုနဲ့ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုတွေကို ထိထိရောက်ရောက်မလုပ်လို့ဖြစ်ပါတယ်။ စက်ဘ်ပူ

**စာမျက်နှာ ၁၇ သို့**

# ကင်တားနားရဲ့လူ့အခွင့်အရေးခရီး

**ဦးအောင်ခင်**

လွန်ခဲ့တဲ့အပတ်ကမြန်မာပြည်ကို ဒုတိယအကြိမ်လာသွားတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် တိုးမတ်စ် အိုဟေးရား ကင်တားနား က သူတင်ပြထားတဲ့အချက်အချို့ကို ဗမာစစ်အစိုးရက လက်ခံစဉ်းစားဖို့ လိုလိုလားလားရှိတဲ့အတွက် အပြုသဘောဆောင်တဲ့ လက္ခဏာတွေ့ရတယ်လို့ ဘန်ကောက်မှာ ပြောသွားတယ်။ ဒါပေမဲ့ လူ့အခွင့်အရေးအခြေအနေ ပိုကောင်းလာသလားဆိုတာကိုတော့ အတည်ပြုဖို့ ခက်ခဲတယ်လို့ ပြောတယ်၊ သူ့ရဲ့အကြံပြုချက် ၄ ချက်မှာ ၂ ချက်ကို စဉ်းစားမယ်လို့ အောက်ခြေက ဗမာအစိုးရအရာထမ်းတွေ ပြောတာကို အပြုသဘောဆောင်တယ်လို့ ပြောဟန်တူတယ်။

ပထမအကြံပြုချက်က အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံ သတ်မှတ်ချက်နဲ့ လိုက်လျောညီထွေဖြစ်နိုင်ဖို့အတွက် ပြည်တွင်းဥပဒေကို ပြင်ဆင်ရေးဆွဲဖို့နဲ့ အခြေခံဥပဒေသစ်မှာ လူ့အခွင့်အရေးပါဝင်ဖို့ဖြစ်တယ်၊ ဥပဒေထဲမှာ လူ့အခွင့်အရေးကို ထည့်သွင်းရေးဆွဲရတာလွယ်ပါတယ်။ လက်တွေ့ကျင့်သုံးဖို့သာ ခက်နေတာပါ၊ ဒုတိယအကြံပြုချက်က တရားဥပဒေစိုးမိုးရေးကို အာမခံနိုင်ဖို့အတွက် တရားရေးဌာနကို လွတ်လပ်စွာ တသီးတခြားထားရှိရေးပဲဖြစ်ပါတယ်။

ကင်တားနားရဲ့အကြံပြုချက်ကို တုံ့ပြန်တဲ့အနေနဲ့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနဲ့ ဆန့်ကျင်တဲ့ပြည်တွင်းဥပဒေတွေကို ပြန်လည်စဉ်းစားသုံးသပ်နေပြီလို့ အစိုးရရှေ့နေချုပ်ကပြောပြီး တရားရေးဌာနကို ပြုပြင်ဖို့ကိုလည်း စတင်ဆွေးနွေးနေပြီလို့ တရားသူကြီးချုပ်က ပြောပါတယ်တဲ့။ စဉ်းစားနေတယ်လို့ပြောတာကို မျှော်လင့်ချက်ရောင်ခြည်အဖြစ် ကင်တားနားက ယူဆနေပုံရပါတယ်၊ လက်မခံနိုင်ဘူးလို့ပြောရမှာ အားနာလို့ စဉ်းစားနေတယ်လို့ ပြောတာလည်းဖြစ်နိုင်ပါတယ်။ ဆန္ဒပြမှုနဲ့ ဝေဖန်မှုလေးအတွက် နှစ်ရှည်ထောင်ဒဏ်ချမှတ်တဲ့ တရားရေးဌာနဝန်ထမ်း ပြောတာကို အပြုသဘောလို့ ဆိုတာပါပဲ။

နိုင်ငံရေးအကျဉ်းသားတွေကို တဖြည်းဖြည်းလွှတ်ပေးရေးဟာ ကင်တားနားရဲ့တတိယအကြံပြုချက်ဖြစ်ပြီး စစ်တပ်ကိုပြုပြင်ပြီး လူ့အခွင့်အရေးသင်တန်းတက်ခိုင်းဖို့က စတုတ္ထအကြံပြုချက်ဖြစ်ပါတယ်။ ဒီအချက် ၂ ချက်ကို ဗမာစစ်အစိုးရက လုံးဝထည့်သွင်းစဉ်းစားပုံမရပါဘူး။ စစ်တပ်ကိုလူ့အခွင့်အရေးသင်တန်းတက်ခိုင်းဖို့ ဩစတြေးလျားအစိုးရ လွန်ခဲ့တဲ့နှစ်အနည်းငယ်က ကြိုးစားခဲ့ပေမဲ့ မအောင်မြင်ပါဘူး။ ကင်တားနား ပထမအကြိမ်လာသွားတာ လွန်ခဲ့တဲ့နှစ် ဩဂုတ်လဖြစ်လို့ ၆ လပဲ ရှိပါသေးတယ်။

ကင်တားနားရဲ့ဒုတိယခရီးစဉ်ဟာ ဟန်ပြသာဖြစ်လို့ အောင်မြင်မှာမဟုတ်ဘူးလို့ ဝေဖန်ရေးသားကြသူတွေရှိတယ်။ ဟုတ်ပါတယ်။ ကင်တားနားကလည်း သူ့ခရီးစဉ်အောင်မြင်မယ်လို့ ယူဆထားပုံမရပါဘူး။ ၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၃ ရက်နေ့က ၆၃ ကြိမ်မြောက် အထွေထွေညီလာခံတတိယကော်မတီမှာ ကင်တားနားပြောခဲ့တာကိုပြန်ကြည့်ရင် သူ့ယုံကြည်ချက်နဲ့ ဦးတည်ချက်ကို သိနိုင်ပါတယ်။ ဒီမိုကရေစီအပြည့်အဝရဖို့ဆိုတာ မျိုးဆက်နဲ့ချီပြီးကြာတတ်တယ်တဲ့။ မျိုးဆက်တဆက်သက်တမ်းဟာ နှစ် အစိတ် သုံးဆယ် ရှိတတ်တာမို့ နှစ်ပေါင်း ရာချီပြီး ကြာနိုင်တယ်လို့ ပြောတာပါပဲ။ ဒါကြောင့် ဒီအတောအတွင်းမှာ လူ့အခွင့်အရေးကို တဖြည်းဖြည်းရရှိသွားအောင် ကြိုးပမ်းရပါလိမ့်မယ်တဲ့။

လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်ရေးဟာ အစိုးရရဲ့ တာဝန်ဝတ္တရားဖြစ်ပေမယ့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကလည်း အတတ်နိုင်ဆုံးကူညီဖို့လိုအပ်တယ်လို့ ပြောပါတယ်။ ဗမာစစ်အစိုးရနဲ့ ဆက်ဆံရေးကောင်းမွန်အောင်လုပ်ပြီး သူ့တာဝန်ကိုထမ်းဆောင်သွားမယ်လို့ ကင်တားနားပြောထားပြီးသားပါ။ ဗမာစစ်အစိုးရကို ဝေဖန်ရှုတ်ချနေရင် ဘာမှလုပ်လို့ရမှာမဟုတ်ပဲ လက်တွဲပြီးလုပ်နိုင်မှသာလျှင် လူ့အခွင့်အရေးအခြေအနေကောင်းမွန်လာမယ်လို့ ကင်တားနားက ယုံကြည်ပါတယ်။

လွန်ခဲ့တဲ့ဩဂုတ်လက ပထမအကြိမ် မြန်မာပြည်ကိုသွားပြီးမကြာမီ အကျဉ်းသား ၉၀၀၀ ကျော်လွှတ်ပေးတယ်၊ အဲဒီအထဲမှာ နိုင်ငံရေးအကျဉ်းသား ၆ ဦးထဲ ပါတယ်။ ကင်တားနားရဲ့ဒုတိယခရီးစဉ်အပြီးမှာလည်း အကျဉ်းသား ၆၀၀၀ ကျော်နဲ့ နိုင်ငံရေးအကျဉ်းသား ၂၀ ကျော် လွှတ်ပေးတယ်။

ကင်တားနားရဲ့မိဘတွေဟာ အာဂျင်တီးနားစစ်အစိုးရလက်ထက်မှာ နိုင်ငံရေးအကျဉ်းသားဖြစ်ခဲ့တာမို့ သူ့နည်းလမ်းဟာ ထူးခြားနိုင်တယ်လို့ မြင်သူလည်းရှိပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကင်တားနားအရင်က လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ၃ ဦးကတော့ မအောင်မြင်ပါဘူး။ ၁၉၉၂ ခုမှာ စတင်ခန့်ခဲ့တာမို့ ကိုယ်စားလှယ်သက်တမ်း ၁၆ နှစ် ရှိလာပါပြီ။ ပထမကိုယ်စားလှယ်က ဂျပန်ပါမောက္ခ ယိုဇိုယိုကိုတာ ဖြစ်ပြီး၊ ၁၉၉၂ က ၁၉၉၆ အထိ ၄ နှစ် အမှုထမ်းတယ်။ ဒုတိယကိုယ်စားလှယ်က မောရစ်သျှ တရားသူကြီး ရာ့ချ်ဆိုးမားလားလားဖြစ်ပြီး ပြည်ဝင်ခွင့်မရလို့ လုပ်သက် ၄ နှစ်မှာ နုတ်ထွက်တယ်၊ တတိယကိုယ်စားလှယ်က ဘရာဇီးနိုင်ငံက ပါမောက္ခပင်ညဲရိုးဖြစ်ပြီး ၇ နှစ်ကျော် အမှုထမ်းသွားတယ်။

အာဂျင်တီးနားရှေ့နေ ကင်တားနားက စတုတ္ထမြောက်ဖြစ်ပြီး လုပ်သက်၉ လပဲ ရှိသေးလို့ သူ့လုပ်နည်းလုပ်ဟန်ကို စောင့်ကြည့်ဖို့ လိုပါတယ်။ ဒီအတောအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ကို ၂၀၀၆ ဇွန်လမှာ လူ့အခွင့်အရေးကောင်စီအဖြစ် အသွင်ပြောင်းလိုက်တဲ့အတွက် ပေါ်ထွက်လာတဲ့ပြဿနာကို တိုကျိုချူးအိုးတက္ကသိုလ် ဥပဒေပါမောက္ခ ယိုကိုတာက AJISS ဂျပန်စာစောင်မှာ ဇန်နဝါရီ၂၃ရက်နေ့ကတင်ပြတယ်။

ကုလသမဂ္ဂပဋိညာဉ်စာချုပ်မှာ စီးပွားရေးနဲ့လူမှုရေးကောင်စီကသာ လူ့အခွင့်အရေးကိစ္စကိုဆုံးဖြတ်ပိုင်ခွင့်ရှိတယ်လို့ ဖော်ပြထားတာကြောင့် အသစ်ဖွဲ့လိုက်တဲ့ လူ့အခွင့်အရေးကောင်စီနဲ့ဥပဒေအရ ဘယ်လိုဆက်စပ်တယ်ဆိုတာ မရှင်းမလင်းဖြစ်နေတယ်လို့ ပါမောက္ခယိုကိုတာက ဆိုပါတယ်။

လူ့အခွင့်အရေးကိစ္စမှာ NGO တသီးပုဂ္ဂလတွေ ပါဝင်နိုင်ဖို့ကိစ္စကိုလည်း သူက ထောက်ပြပါတယ်။ ပဋိညာဉ်စာချုပ်အပိုဒ် ၇၁ အရ NGO တွေနဲ့တိုင်ပင်ပြီး လုပ်ကိုင်နိုင်ရေးအတွက် စီးပွားရေးနဲ့ လူမှုရေးကောင်စီက သင့်တော်သလိုစီစဉ်ပေးရမယ်လို့ ဆိုပါတယ်။ ဖျက်သိမ်းတဲ့ လူ့အခွင့်အရေးကော်မရှင်မှာ NGO အဖွဲ့တွေဟာ အတိုင်ပင်ခံအဆင့်ကိုရပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်ရေးမှာ အဓိကအခန်းကပါဝင်ခဲ့ပေမဲ့ အခုတော့ NGO ကိစ္စကို ရှင်းရှင်းလင်းလင်းမသိရသေးပါဘူး။ ဒါတင်မကသေးပါဘူး။ လူ့အခွင့်အရေးသုတေသန စံသတ်မှတ်မှု စောင့်ကြည့်

**တဘက်သို့**

# နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ရန် ကုလသမဂ္ဂ နှင့် အမေရိကန်တောင်းဆို

**VOB ၊ ဖေဖော်ဝါရီ ၂၃ ။** ။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ရန် ကုလသမဂ္ဂနဲ့ အမေရိကန်တို့က မြန်မာစစ်အာဏာပိုင်များကို တိုက်တွန်းလိုက်ပါတယ်။

မြန်မာစစ်အာဏာပိုင်တွေက နိုင်ငံရေးအကျဉ်းသားအနည်းငယ်ကို ပြန်လွှတ်ပေးခဲ့ပြီးတဲ့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပြီး အတိုက်အခံနဲ့ အစိုးရကြားတွေ့ဆုံဆွေးနွေးရေးကို ကြိုတင်ကန့်သတ်ချက်တွေမရှိပဲ အမြန်ဆုံးဆွေးနွေးကြဖို့ ကျနော်ထပ်ပြီးတော့ တိုက်တွန်းပါတယ် လို့ ပြောဆိုလိုက်ပါတယ်။

လွှတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တဲ့ကြေညာချက်ကို ကြိုးမားတဲ့ခြေလှမ်းတွေကို လှမ်းဖို့အတွက် အစပထမအဖြစ်နဲ့ ကျနော်ကြိုဆိုပါတယ်။ နိုင်ငံရေးအကြောင်းရင်းနဲ့ ဖမ်းဆီးထိန်းသိမ်းခံနေရတဲ့သူတွေ ရာနဲ့ ထောင်နဲ့ချီပြီးရှိနေပါသေးတယ် လို့ မစ္စတာဘန်ကီမွန်းက ပြောဆိုပါတယ်။

ကုလအထွေထွေအတွင်းရေးမှူးချုပ်က သူဟာ မြန်မာပြည်ကို ထပ်သွားချင်ပေမဲ့လည်း မဆုံးဖြတ်သေးဘူးလို့ ဆိုပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက မစ္စတာဘန် ကို မြန်မာပြည်သို့ ထပ်သွားစေလိုတဲ့ဆန္ဒရှိနေကြပါတယ်။ ဒါကလည်း သူသွားမယ်ဆိုရင် မြန်မာစစ်အာဏာပိုင်တွေရဲ့ ရည်တည်ချက်အပြောင်းအလဲဖြစ်လာနိုင်တယ်လို့ ယူဆတဲ့အတွက်ဖြစ်ပါတယ်။ မစ္စတာဘန် ကတော့ မြန်မာနိုင်ငံကနေ သိသာထင်ရှားတဲ့ရလဒ်တခုထွက်ပေါ်လာဖို့ သေချာပေါက်ရှိမှာ သွားလိုတဲ့ဆန္ဒရှိနေပါတယ်။

ဘန်ကီမွန်းက သူဟာ ဒီကိစ္စကို မြန်မာစစ်အစိုးရနဲ့ ညှိနှိုင်းပြီး အခြေအနေအချိန်အခါကျမှသွားမယ်လို့ ဆိုပြီး အခုလောလောဆယ်တော့ မဆုံးဖြတ်သေးဘူးလို့ ဆိုပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်လိုက်တာကို အမေရိကန်ကကြိုဆိုပါတယ်။ နိုင်ငံခြားရေးဌာနပြောရေးဆိုခွင့်ရှိသူ ရောဘတ်ဝုဒ် က ဘယ်နိုင်ငံရေးအကျဉ်းသားကိုပဲလွှတ်လွှတ် ကျနော်တို့ကတော့ ကြိုဆိုတယ်၊ ဒါပေမဲ့ မြန်မာစစ်အစိုးရကို ကျနော်တို့တောင်းဆိုချင်တာက နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဖို့ပဲ၊ စစ်အစိုးရအနေနဲ့ နောက်ထပ်အများကြီးလုပ်ဖို့လိုတယ် လို့ ပြောဆိုလိုက်ပါတယ်။

---

**တဘက်မှ**

လေ့လာမှု စတာတွေကိုလည်း ဆက်မလုပ်နိုင်ဖြစ်နေတယ်လို့ ဆိုပါတယ်။ ဒီပြဿနာတွေကို မဖြေရှင်းနိုင်သေးတဲ့အတွက် လူ့အခွင့်အရေးကိစ္စကို ကိုင်တွယ်ရာမှာ မထိရောက်ပဲဖြစ်နေတယ်လို့ ယိုကိုတာက မြင်ပါတယ်။

ဒါပေမဲ့ လူ့အခွင့်အရေးကောင်စီဟာ မကြာခဏ အစည်းအဝေးထိုင်တာမို့ ပြဿနာကို အချိန်မီကိုင်တွယ်နိုင်တယ်တဲ့။ ကုလသမဂ္ဂအဖွဲ့ဝင်တိုင်းရဲ့ လူ့အခွင့်အရေးအခြေအနေကို ၂၀၀၈ ကစပြီးသုံးသပ်တာကို တိုးတက်မှုလို့ ယိုဗိုယိုကိုတာက ယူဆတယ်၊ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်ရေးဆပ်ကော်မတီကို အစားထိုးလိုက်တဲ့ ကျွမ်းကျင်သူ ၁၈ ဦးပါတဲ့ကော်မတီဟာ အရင်ကလုပ်ငန်းတွေကို ဆက်လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်ရကြောင်း ယိုဗိုယိုကိုတာက သုံးသပ်ထားပါတယ်။

# စိတ်ကြွဆေးထုတ်လုပ်မှု မြန်မာပြည်ထိပ်ဆုံး

**VOA ၊ ဖေဖော်ဝါရီ ၂၈ ။** ။ မြန်မာပြည်ဟာ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေ ကျဆင်းအောင်လုပ်ဆောင်တဲ့နိုင်ငံတွေထဲမှာ မပါနိုင်သေးဘူးလို့ အမေရိကန်က ပြောလိုက်ပါတယ်။ မူးယစ်ဆေးဝါးအဓိကထုတ်လုပ်နေတဲ့ နိုင်ငံပေါင်း ၂၀ ထဲမှာ မြန်မာပြည်လည်းပါဝင်နေပြီး မူးယစ်ဆေးဝါးကိစ္စနဲ့ ငွေမဲကို ငွေဖြူဖြစ်အောင်လုပ်ကြတဲ့ တိုင်းပြည်တွေထဲမှာလည်း မြန်မာပြည်ပါဝင်တဲ့အကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက နှစ်စဉ်ထုတ်ပြန်နေကြ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာဆိုင်ရာ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ မူးယစ်ဆေးဝါးဆိုင်ရာအစီရင်ခံစာထဲမှာ အာဖဂန်နစ္စတန်၊ မက္ကဆီကို၊ နိုက်ဂျီးရီးယားနဲ့ ပါကစ္စတန်နိုင်ငံတွေဟာ မူးယစ်ဆေးဝါးအဓိကထုတ်လုပ်တဲ့နိုင်ငံတွေလို့ ဖော်ပြထားပြီး မြန်မာ ဘိုလီးဗီးယားနဲ့ ဗင်နီဇွဲလားနိုင်ငံတွေကတော့ နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ သဘောတူညီချက်တွေအတိုင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွေကို ကျဆင်းအောင်လုပ်တဲ့တိုင်းပြည်တွေထဲမှာ ရှိမနေဘူးလို့ ဆိုပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ကတော့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွေဟာ ၂၀၀၇ ခုနှစ်ကစပြီး သိသိသာသာပြန်တိုးတက်လာခဲ့ပါတယ်။ အမ်ဖက်တမင်းလို့ခေါ်တဲ့ မူးယစ်စိတ်ကြွဆေးတွေထုတ်လုပ်ပြီး နိုင်ငံခြားကို ဖြန့်တာတွေလည်း သိသိသာသာလုပ်လာခဲ့တယ်လို့ ဆိုပါတယ်။ ဘိန်းစိုက်ပျိုးမှု တိုးတက်လာတဲ့နေရာတွေကတော့ ရှမ်းပြည် အရှေ့ပိုင်းနဲ့ တောင်ပိုင်း၊ ကချင်ပြည်နယ်တွေမှာလို့ ဆိုပါတယ်။ ရွှေတြိဂံနယ်မြေကနေ မူးယစ်စိတ်ကြွဆေးတွေကို မြန်မာပြည်ဟာ အကြီးအကျယ်ဖြန့်ဖြူးတဲ့နေရာကနေ ပါဝင်နေတယ်လို့ ဆိုပါတယ်။

နှစ်စဉ်ပုံမှန်ဖြန့်နေတဲ့တိုင်းပြည်တွေကတော့ ထိုင်း၊ တရုတ်နဲ့ အိန္ဒိယ နိုင်ငံတွေဖြစ်ပါတယ်။ မြန်မာပြည်က မူးယစ်ဆေးထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်မှုဆိုင်ရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်ဂျွန်ဆင် က သောကြာနေ့ကပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ မြန်မာပြည်မှာ မူယစ်စိတ်ကြွဆေးထုတ်လုပ်နေတာတွေကြောင့် ဒေသတွင်းနိုင်ငံတွေအတွက် အန္တရာယ်ရှိလာနေတဲ့အကြောင်း ပြောခဲ့ပါတယ်။

အမ်ဖက်တမင်း ကမ္ဘာမှာ အများဆုံးထုတ်တာကတော့ မြန်မာပြည်ပါပဲ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်တာကလည်း တော်တော်နည်းပါတယ်။ အဲဒါကြောင့် ဒီမူးယစ်ဆေးဝါးတွေဟာ မြန်မာပြည်သူတွေကိုသာမကပဲ အိမ်နီးချင်းလာအိုအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေကိုပါ ခြိမ်းခြောက်နေပါပြီလို့ ပြောပါတယ်။

အမေရိကန်လွှတ်တော်နဲ့ သမတအိမ်ဖြူတော်က မူးယစ်ဆေးဝါးထိန်းချုပ်မှုဆိုင်ရာ အရာရှိဟောင်း ဘော့ဝေနာ က မြန်မာ့မူးယစ်ဆေးပြန်တိုးတက်လာတဲ့အကြောင်း ဗွီအိုအေကို ရှင်းပြပါတယ်။

မြန်မာပြည်ဟာ မူးယစ်ဆေးထုတ်လုပ်မှုမြင့်မားလာနေတယ်၊ ဒါပေမဲ့ ဘိန်းအထုတ်ဆုံးနိုင်ငံတော့မဟုတ်တော့ဘူး၊ အာဖဂန်နစ္စတန်က အထုတ်ဆုံးဖြစ်နေတယ်၊ မြန်မာစစ်အစိုးရဟာ မူးယစ်ဆေးဝါးထုတ်လုပ်မှု

**စာမျက်နှာ ၁၈ သို့**

# ရွေးကောက်ပွဲဟု ဆိုရာဝယ်

**ကျော်ကျော်စိုး**

ရွေးကောက်ပွဲလို့ ဆိုလိုက်လျှင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အတွက် ခြေလှမ်းတလှမ်း လှမ်းလိုက်ပြီဟု ပြောကြသည်။

မှန်သည့်စကားပါ။ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲ အား ကျင်းပနိုင်ပြီဆိုလျှင် စစ်မှန်သည့်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို လုပ်တာဖြစ်သည်ဟု မှတ်ချက်ပြုကြသည်။ သို့ဆိုလျှင် ထိုတိုင်းပြည်၌ ထိုလူ့အဖွဲ့အစည်း၌ ဒီမိုကရေစီထွန်းကားတော့မည်ဟု ပြောကြသည်။

မြန်မာပြည်၌လည်း ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဟု ခိုင်ခိုင်မာမာပြောနေကြသည်၊ ရွေးကောက်ပွဲဝင်မည်ဟု ဆိုသည့်သူများ ကလည်း ဆိုနေကြသည်၊ အချို့ပါတီများ နိုင်ငံရေးသမားများကတော့ အပြတ်ပြော၍မဖြစ်၊ စောင့်ကြည့်ရဦးမည် ဟု မယုတ်မလွန်ပြောကြသည်။ တချို့ကတော့ ပြတ်သည်၊ ရွေးကောက်ပွဲမဝင်ဟု ဆိုသည်။ အချို့ပုဂ္ဂိုလ် များက နှစ်ကာလကြာရှည်နေပြီဖြစ်သော ရေ့မတိုးနောက်မဆုတ်နိုင်ငံရေး အခြေအနေကို ဖြိုခွင်းနိုင်ရေးအတွက် နည်းလမ်းတခုဆိုသည်။

နိုင်ငံရေးနယ်ပယ်၌ အများလက်ခံထားသည့်အယူအဆမှာ ကိုယ် စားပြုဒီမိုကရေစီစနစ်အောက်၌ ပြည်သူလူထုသည် လွတ်လပ်၍ တရား မျှသောရွေးကောက်ပွဲများမှတဆင့် ၄င်းတို့နိုင်ငံ၊ ၄င်းတို့အစိုးရ၏ နိုင်ငံရေး ဆိုင်ရာဆောင်ရွက်ချက်များ၊ အနာဂတ်ပေါ်လစီများအား ချမှတ် ပိုင်ခွင့်ရ စေသည် ဆိုသည့်အချက်ပင်ဖြစ်သည်။ ထိုမျှမက လွတ်လပ်၍ တရားမျှတ သောရွေးကောက်ပွဲများသူသည် အာဏာကို ငြိမ်းချမ်းစွာလွှဲပြောင်းနိုင် ရေးအတွက် အားပေးသည်၊ ရှုံးနိမ့်သွားသူကလည်း ရွေးကောက်ပွဲရလဒ်ကို လက်ခံပြီး အစိုးရအဖွဲ့သစ်လက်သို့ အာဏာလွှဲပြောင်းစေသည် ဟုလည်း ဆိုသည်။

ထိုအယူအဆအရဆိုလျှင် ၂၀၁၀ တွင် ကျင်းပမည့် မြန်မာပြည်မှ ရွေးကောက်ပွဲသည် ပြည်သူလူထုအတွက် ၄င်းတို့ရွေးချယ်လိုက်သော သူများနှင့်ဖွဲ့စည်းထားသည့်အစိုးရကလုပ်မည့် နိုင်ငံရေးဆောင်ရွက်ချက် များ၊ ပေါ်လစီများချမှတ်ရေးတွင် ၄င်းတို့ကိုယ်တိုင်ပါဝင်နိုင်မည် ဆိုသည့် သဘောဖြစ်နေလေပြီ။ ထိုမျှမက ၂၀၁၀ ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတလျှင် လက်ရှိစစ်အုပ်စုအုပ်ချုပ်မှုမှ လူထုရွေးချယ်တင်မြှောက် လိုက်သည့်သူများလက်ထဲသို့ အာဏာလွှဲပြောင်းမှုဖြစ်မည်ဆိုသည့် သဘောဖြစ်နေသည်။

ဤနေရာ၌ ဆန်းစစ်ရန်လိုသည့်အချက်မှာ ပြည်သူလူထုသည် ၂၀၁၀ ရွေးကောက်ပွဲပြီးနောက် ပေါ်ပေါက်လာမည့်အစိုးရ၏ ဆောင်ရွက် ချက်များ၊ ပေါ်လစီများရွေးဆွဲချမှတ်ရေးတွင် ပါဝင်၍ရမလားဆိုသည့် အချက်ဖြစ်သည်။

လက်ရှိအခြေအနေအတိုင်းဆိုရင် ၂၀၁၀ ရွေးကောက်ပွဲ၌ ရွေးချယ် ခံရမည့်အမတ်များက ဘာလုပ်ကြမည်နည်း၊ ၂၀၀၈ ခုနှစ် မေလထဲတွင် ပြုလုပ်ခဲ့သည့်လူထုဆန္ဒခံယူပွဲ၌ လူထုထောက်ခံမှု ၉၂ ရာခိုင်နှုန်းကျော် ရခဲ့သည်ဟု နအဖစစ်အာဏာရှင်များပြောသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ကို အတည်ပြုပြီး ထိုအခြေခံဥပဒေက ကန့်သတ်ခွင့်ပြုထားသည့်အတိုင်း အလုပ်လုပ်ကြရပေလိမ့်မည်။

ထိုအခြေခံဥပဒေ၏ အနှစ်သာရကအဘယ်နည်း၊ အနာဂတ် မြန်မာ့နိုင်ငံရေး၌ တပ်မတော်သည်ဦးဆောင်အခန်းကပါဝင်သည် ဆိုသည့် အချက်ပင်ဖြစ်သည်။ ထိုအနှစ်သာရကို အကောင်အထည်ဖော်သည့် အနေဖြင့် ဥပဒေပြုလွှတ်တော်ထဲ၌ အမတ်နေရာ လေးပုံ တပုံကို စစ်တပ် အလိုအလျောက်ယူထားသည်။

အစိုးရအဖွဲ့ထဲ၌ သမတနှင့် ဒုတိယသမတ သည် စစ်တပ်မှ လာ သောသူ၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးသည် စစ်တပ်ကလူ၊ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်အုပ်ချုပ်ရေးအဖွဲ့ စသည့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၌လည်း ကာကွယ်ရေးဦးစီးချုပ်က ခန့်ထားသည့် သူများပါသည်၊ ထို့အတူ ပြည်နယ်လွှတ်တော်များ၌လည်း ကာကွယ်ရေး ဦးစီးချုပ်၏အမိန့်အတိုင်းနာခံရမည့် အမတ်များက လေးပုံတပုံပါသည်။

နအဖ၏အခြေခံဥပဒေအား နိုင်ငံ့ယန္တယား၏ အဓိကအချက် အချာကျသောနေရာများ၊ ကွင်းဆက်များ၌ စစ်တပ်က ချယ်လှယ်၍ရရန် သေချာကျနစွာအကွက်ချရေးဆွဲထားသည်၊ ထို့ကြောင့် ဥပဒေပြုအာဏာ နှင့် အုပ်ချုပ်မှုအာဏာတွင် စစ်တပ်က အပြည့်အဝဝင်စွက်၍ရရန် လုပ် ထားသည်၊ တရားစီရင်ရေး၌မူ ထိုလောက်နေရာယူထားခြင်းမရှိဆိုသည် ကို တွေ့ရသည်။

ထိုကဲ့သို့ စစ်တပ်အား အာမခံချက်ပေးထားသည့်အခြေခံဥပဒေ ကိုအခြေပြု၍ ၂၀၁၀ အမတ်များက အကောင်အထည်ဖော်ရမည်ဆို သောအခါ ရွေးကောက်ပွဲသည် မည်မျှပင်တရားမျှတပါစေ၊ လွတ်လပ်၍ စစ်မှန်သောဒီမိုကရေစီအတွက် အာမခံချက်မရှိဆိုသည်ကို သိမြင်နိုင် သည်။

နောက်တချက် လတ်တလောမြန်မာပြည်တွင်းအခြေအနေကို ကြည့်လိုက်လျှင် ၂၀၁၀ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် အနှောင့် အယှက် အတားအဆီးဖြစ်နိုင်မည့်သူများဟု ယူဆထားသူများကို ရှင်း ထားပြီးပြီဆိုသည်ကို တွေ့နိုင်သည်။ နိုင်ငံရေးသမားများ၊ နိုင်ငံရေး လှုပ်ရှားသူများ၊ ကျောင်းသားများ၊ လူ့အခွင့်အရေးလှုပ်ရှားသူများ၊ တိုင်းရင်းသားအရေးလှုပ်ရှားနေသူများ၊ အကုန်ပါဝင်သည်။ ထိုမျှမက အင်တာနက်ဘလော့ဂါ၊ အနုပညာရှင်၊ ရှေ့နေ၊ ဘုန်းကြီး၊ သီလရှင် လူတန်းစားအစုံကို ထောင်နှစ်ရှည်ချကာ နှိပ်ကွပ်ထားသည်ကို ကြည့် မြင်တတ်ရန်လည်း လိုသည်။

ထို့ကြောင့် ရွေးကောက်ပွဲတခုတည်းနှင့် ဒီမိုကရေစီထွန်းကားပြီဟု အာမခံချက်မပေးနိုင်ဘူးဆိုသည်ကို ကောင်းကောင်း နားလည်ရန် လိုပေ သည်၊ အဘယ်ကြောင့်ဆိုသော် အာဏာရှင်များသည် နိုင်ငံတွင်းရှိ အရင်းအမြစ်များကိုသုံးကာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၌ အသာရ စေရန် အမြတ်ထုတ်လုပ်လေ့ရှိခြင်းကြောင့်ဖြစ်သည်။ ဤသည်မှာ ကမ္ဘာ့ ဖြစ်စဉ်အရ အတွေ့အကြုံတွေအရဖြစ်သည်။

မြန်မာနိုင်ငံ၏အခြေအနေအရ စစ်အုပ်စုလက်အောက်၌ ကျင်းပ မည့်ရွေးကောက်ပွဲသည် မည်မျှပင်လွတ်လပ်၍ တရားမျှတပါစေ၊ စစ်မှန် သောဒီမိုကရေစီအတွက် အာမခံချက်မပေးနိုင်ပေ၊ မြန်မာပြည်သူ ပြည် သားများလိုချင်သည်က စစ်မှန်သည့်ဒီမိုကရေစီနှင့် ထိုအတွက် အာမခံ ချက်ဖြစ်သည်၊ သို့သော် စစ်အုပ်စုက စစ်တပ်ကြီးစိုးသောအတုအယောင် ဒီမိုကရေစီကို ဖန်တီးလျှောက်လှမ်းတော့မည်။

မည်သို့ပင်ဖြစ်စေ ရွေးကောက်ပွဲဟုဆိုလိုက်သည်နှင့် လွတ်လပ်၍ တရားမျှတရေးအတွက်ဆိုလျှင် တိုင်းတာသည့်ပေတံရှိသည်။ ထိုပေတံက ကမ္ဘာ့စံဖြစ်သည်၊ ဤသည်ကို သိရှိလေ့လာထားရန်လိုအပ်သည်ကို ဖော်ပြလိုက်ပါသည်။

**စာမျက်နှာ ၁၉ သို့**

# အဓမ္မစေခိုင်းမှုတိုင်ကြားရေးရုံး မြန်မာပြည်၌ ဆက်ထားမည်

**VOA ၊ ဖေဖော်ဝါရီ ၂၇ ။** ။ မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားစေခိုင်းမှုပပျောက်ရေးအတွက် ILO နဲ့ မြန်မာစစ်အစိုးရတို့အကြား နားလည်မှု စာချုပ်လွှာလက်မှတ်ရေးထိုးထားတာကို နောက်ထပ်သက်တမ်း တနှစ် တိုး လိုက်ပါတယ်။

စစ်အစိုးရအာဏာပိုင်တွေနဲ့ ILO အကြီးတန်းအရာရှိတွေ တွေ့ဆုံပြီး၊ အဓမ္မလုပ်အားပေးအခြေအနေတွေနဲ့ပတ်သက်လို့ ဆက်လက်စောင့်ကြည့်သွားဖို့ လိုနေသေးတာမို့ အခုလိုသက်တမ်းတိုးရတာပါလို့ ILO က ပြောပါတယ်။

နေပြည်တော်မှာ အလုပ်သမားဝန်ကြီးအပါအဝင် အစိုးရအရာရှိတွေနဲ့ ILO ကိုယ်စားလှယ်တို့တွေ့ဆုံပြီး မြန်မာနိုင်ငံမှာ အဓမ္မလုပ်အားစေခိုင်းမှုပပျောက်ရေးအတွက် နောက်ဆက်တွဲနားလည်မှုစာချွန်တရပ်ကို သက်တမ်းတနှစ်တိုးလိုက်တာပါ။ ILO အုပ်ချုပ်ရေးအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ကာရီ တာပီအိုလာ၊ ILO ဥပဒေအရာရှိ ဒရာဇန် ပက်ထရိဗစ်ချ်၊ ရန်ကုန်မြို့က ဆက်သွယ်ရေးအရာရှိ စတိဗ်မာရှဲလ် စတဲ့ပုဂ္ဂိုလ်တွေနဲ့ အလုပ်သမားဝန်ကြီးတို့ ဆွေးနွေးပြီး အခုလိုဆက်လက်ဆောင်ရွက်ခဲ့တာပါ။

စစ်အစိုးရအနေနဲ့ အဓမ္မလုပ်အားပေးစေခိုင်းမှုနဲ့ပတ်သက်လို့ တချို့လုပ်ငန်းတွေမှာ အရပ်သားတွေကို အဓမ္မစေခိုင်းတာမျိုးတွေလည်းရှိပါတယ်။ စိုက်ပျိုးရေးနယ်ပယ်မှာ သီးနှံတွေကို ရွေးချယ်စိုက်ခိုင်းတာ၊ ရောင်းတဲ့နေရာမှာလည်း ဘယ်သူ့ကိုပဲရောင်းရမယ်ဆိုတဲ့ မူဝါဒတွေကြောင့် အဓမ္မစေခိုင်းတယ်ဆိုပြီး တိုင်ကြားတာမျိုးတွေလည်း ရှိပါတယ်။

မြေယာသိမ်းယူတဲ့ကိစ္စဟာလည်း အခုတလော ကျယ်ကျယ်လောင်လောင်ကြားနေရတဲ့ကိစ္စပါ၊ ဒီကိစ္စနဲ့ပတ်သက်လို့ ILO ဘက်က ကိုင်တွယ်ဖြေရှင်းနိုင်တဲ့အနေအထားမှာမရှိဘူးလို့ စတိဗ်မာရှဲလ်က ပြောပါတယ်။

မြေယာသိမ်းတဲ့ကိစ္စဟာ အရေးကြီးတဲ့ကိစ္စပါ၊ ဒါပေမဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ILO ရုံးရဲ့ အပ်နှင်းထားတဲ့လုပ်ပိုင်ခွင့်ထဲမှာ ဒါဟာ အကြုံးမဝင်ဖြစ်နေပါတယ်။ ဒီလို မြေယာတွေကိုသိမ်းယူတာ၊ အသုံးပြုတာတွေကို အဓမ္မလုပ်အားစေခိုင်းမှုတွေနဲ့ ဆက်နွယ်ပြီး ကျနော်တို့ကို တိုင်ကြားလာတာတွေ မကြာခဏဆိုသလို လက်ခံရရှိပါတယ်။

အဓမ္မလုပ်အားစေခိုင်းတဲ့ကိစ္စကို တိုင်ကြားတဲ့လုပ်ငန်းစဉ်ဆောင်ရွက်တဲ့ကိစ္စကို မြန်မာစစ်အစိုးရနဲ့ ILO တို့အကြား သဘောတူထားပေမယ်လို့ တကယ်တမ်းမှာ တိုင်ကြားလာသူတွေကို အာဏာပိုင်တွေက အရေးယူတာ၊ ခြိမ်းခြောက်တာတွေ ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ထောင်ဒဏ် ၁၂ နှစ်ခွဲချမှတ်ပြီး နယ်အဝေးထောင်ကို ပို့ခံထားရတဲ့ အလုပ် သမားအခွင့်အရေးလှုပ်ရှားသူ စုစုနွေး၊ ILO ကိုဆက်သွယ်တိုင်တမ်းဖို့ အတွက် ကြိုးစား တဲ့အတွက် ဖမ်းဆီးခံထားရတဲ့ ဦးသက်ဝေကို ပြန်လွှတ်ပေးဖို့ တောင်းဆိုခဲ့တာတွေ ရှိခဲ့ပြီးနောက် ဦးသက်ဝေကို ပြန်လွှတ်ပေးခဲ့ပါတယ်။ လတ်တလောမှာ ILO နဲ့ပတ်သက်ပြီး ဖမ်းတာမရှိပေမဲ့ ဆက်စပ်အရေးယူခံနေရတာတွေရှိလို့ ILO ဘက်က စိုးရိမ်မှုတွေ ရှိနေပါတယ်။

ILO နဲ့ တိုက်ရိုက်ပတ်သက်ပြီး ထောင်ထဲရောက်နေတာ မရှိပါဘူး ဒါပေမဲ့ ဆက်စပ်နေသူအများအပြားကို တခြားစွဲချက်တွေနဲ့ အရေးယူထားသူ အများအပြားရှိနေပါတယ်။ မေးစရာက သူတို့အပေါ် တင်ထားတဲ့ စွဲချက်တွေ ချမှတ်လိုက်တဲ့ပြစ်ဒဏ်တွေဟာ ILO နဲ့ပိုပြီးတော့ ပြင်းထန်သလားဆိုတာပါ၊ ဒါကြောင့်မို့လည်း ကျနော်တို့ အစိုးရနဲ့ စကားပြောဆိုနေတာတွေရှိပါတယ် လို့ စတိဗ်မာရှဲလ် ကပြောပါတယ်။

အဓမ္မလုပ်အားစေခိုင်းတာကို တိုင်ကြားခွင့်ရှိစေဖို့ သဘောတူညီခဲ့ပြီးနောက် ရန်ကုန်ရှိ ILO ရုံးကို လူပေါင်း ၁၅၀ ကျော်ရဲ့တိုင်ကြားစာတွေကို ရရှိထားပြီး တချို့ကိစ္စတွေကို ILO ကစုံစမ်းစစ်ဆေးနေတာတွေ ရှိပါတယ်။

# ရွေးကောက်ပွဲအရေး အဖွဲ့ချုပ်ဗဟို၌ မြို့နယ်ကိုယ်စားလှယ်များဆွေးနွေး

**DVB ၊ ဖေဖော်ဝါရီ ၂၅ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရေး မဝင်ရေးနဲ့ စပ်လျဉ်းပြီး ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့နဲ့ မြို့နယ် ၁၀ မြို့နယ်က လွှတ်တော်ကိုယ်စားလှယ်များ မြို့နယ်စည်းရုံးရေးကော်မတီဝင်များ အဖွဲ့ချုပ်ဗဟိုမှာဆွေးနွေးခဲ့ကြပါတယ်။

မနေ့ကပြုလုပ်တဲ့ဆွေးနွေးပွဲကို တိုင်းစည်းရုံးရေးဥက္ကဋ္ဌ သခင်စိုးမြင့်၊ ဒုဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်း၊ အတွင်းရေးမှူး ဒေါက်တာဝင်းနိုင်တို့ တက်ရောက်ပြီး ရွေးကောက်ပွဲဝင်မလား မဝင်ဘူးလား၊ မဝင်ရင် ပါတီအနေအထားဘယ်လိုဖြစ်မလဲ စတဲ့ ရှင်းရှင်းလင်းလင်းပြတ်ပြတ်သားသားသိချင်တဲ့ကိစ္စတွေကို ဆွေးနွေးခဲ့ကြတယ်လို့ ဒေါက်တာဝင်းနိုင်က ပြောပါတယ်။

ပထမဦးဆုံးအနေနဲ့ ကျနော်တို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံဘူးဆိုတာ ရှင်းရှင်းလင်းလင်းအသိပေးထားပြီးပြီ၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းကို ဒီဖွဲ့စည်းပုံအရ ရွေးကောက်ပွဲကို ကျနော်တို့ စဉ်းကို မစဉ်းစားသေးဘူး၊ သို့သော် ကျနော်တို့တင်ပြထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရီဗျူး လုပ်ဖို့ကိစ္စ နှစ်ဦးနှစ်ဘက်အဆင်ပြေသွားတဲ့အခါ ကျနော်တို့ ပြန်စဉ်းစားဖို့ အကြောင်းရှိတယ်ပေ့ါဗျာ။

အစည်းအဝေးကို ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ သံလျင် ကျောက်တန်း၊ လမ်းမတော်၊ ခရမ်း၊ သုံးခွ၊ ဒေါပုံ၊ သာကေတ မြို့နယ်က စည်းရုံးရေးအဖွဲ့ဝင်တွေ၊ အမတ်တွေ တက်ရောက်ပြီး နိုင်ငံရေး စည်းရုံးရေး ကိစ္စတွေကို ဆွေးနွေးကြပါတယ်။

လာမယ့် ဖေဖော်ဝါရီ ၂၇ ရက် ၊ မတ် ၃ ရက်၊ မတ် ၆ ရက်တို့မှာလည်း ၁၀ မြို့နယ်စီဆက်လက်ဆွေးနွေးသွားဦးမယ်လို့ သိရပါတယ်။

**စာမျက်နှာ ၈ မှ**

မြန်မာနိုင်ငံအပေါ် အမေရိကန်စီးပွားရေးဒဏ်ခတ်မှုသည် ဩဇာမပြောင်းခဲ့သော် အဆိုပါဒဏ်ခတ်မှုပေါ်လစီကို ပြန်သုံးသပ်ဖို့အကြောင်းရှိသည်ဟု နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က ပြောခဲ့သော်လည်း ရုပ်သိမ်းရေးကိုမူ တိတိကျကျပြောဆိုခဲ့ခြင်းမရှိပေ။ သို့သော် မြန်မာအစိုးရအပေါ် စီးပွားရေးဒဏ်ခတ်မှုကို ပြုပြင်ရန်ကြိုးစားသည်နှင့် အစိုးရသည် အမေရိကန်ကွန်ဂရက်နှင့်အရင်ဆုံး ထိပ်တိုက်တွေ့လိမ့်မည်ဟု ဝါရှင်တန်ပို့စ်သတင်းစာက ထောက်ပြထားသည်။

# မြန်မာနိုင်ငံအပေါ်ဒဏ်ခတ်မှုမအောင်မြင်ရခြင်းတွင် တရုတ်ကစစ်အစိုးရအားထောက်ခံအားပေးမှုကအဓိကအကြောင်းရင်း

**NEJ ၊ ဖေဖော်ဝါရီ ၂၇ ။။** မြန်မာနိုင်ငံအပေါ် နိုင်ငံတကာစီးပွားရေးဒဏ်ခတ်မှုမအောင်မြင်ရခြင်း အကြောင်း ၅ ချက်ရှိကြောင်း သမတဘုရှ် လက်ထက် အမေရိကန်ကွန်ဂရက်သို့တင်သွင်းသည့် မြန်မာ–အမေရိကန်ဆက်ဆံရေးသုံးသပ်ချက်အစီရင်ခံစာတစောင်တွင်ဖော်ပြထားသည်။

ခေတ်ပြိုင်မှဖတ်ရှုခွင့်ရခဲ့သည့် အဆိုပါ အစီရင်ခံစာကို အမေရိကန်ကွန်ဂရက် သုတေသနဌာနဆိုင်ရာ စာတမ်းတခုအဖြစ် ၂၀၀၈ ခုနှစ် ဇွန်လတွင် ကွန်ဂရက်သို့ တင်သွင်းခဲ့ခြင်းဖြစ်သည်။ အဆိုပါအစီရင်ခံစာပါ အချက်များကြောင့် အိုဘားမားအစိုးရက မြန်မာနိုင်ငံအပေါ် အမေရိကန်စီးပွားရေးဒဏ်ခတ်မှုပေါ်လစီကို ပြန်သုံးသပ်ဖို့ ဆုံးဖြတ်ခြင်း ဟုတ်မဟုတ်ဆိုသည်ကိုမူ ရှင်းရှင်းလင်းလင်းမသိရပေ။

ပထမတချက်အနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာဒဏ်ခတ်မှု မတူညီမှုအပေါ်မူတည်၍ မြန်မာစစ်အစိုးရအမြတ်ထုတ်သွားသည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံအပေါ်ဒဏ်ခတ်ရာတွင် အမေရိကန်စီးပွားရေးဒဏ်ခတ်မှုမှာ အကျယ်ပြန့်ဆုံးပေါ်လစီဖြစ်သည်။ အီးယူ၊ ဂျပန်၊ ဩစတြေးလျားတို့၏ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်မှုပေါ်လစီမှာ အကန့်အသတ်နှင့်သာဖြစ်ပြီး မြန်မာနိုင်ငံအပေါ် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံရေး ဖြတ်တောက်မှုစသည်တို့ မရှိပေ။

မြန်မာနိုင်ငံအပေါ် အီးယူကဒဏ်ခတ်ပိတ်ဆို့ရာတွင် စစ်ခေါင်းဆောင်များအား ဗီဇာပိတ်ပင်ခြင်း၊ လက်နက်ရောင်းချမှုပိတ်ပင်ခြင်း၊ အီးယူနိုင်ငံများရှိ စစ်ခေါင်းဆောင်များ၏ပိုင်ဆိုင်မှုများကို ထိန်းချုပ်ခြင်း၊ အထည်ချုပ်လုပ်ငန်းများ အခွန်ကင်းလွတ်ခွင့်ပိတ်ပင်ခြင်းစသည်တို့ဖြစ်ပြီး မြန်မာကုန်စည်များ အီးယူသို့ တင်သွင်းခွင့် သို့မဟုတ် အီးယူကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခွင့်များပိတ်ပင်ခြင်းမရှိပေဟု အစီရင်ခံစာတွင်း ဖော်ပြထားပြီး အင်္ဂလန် ဂျပန်တို့ မြန်မာနိုင်ငံနှင့် မည်သို့ဆက်ဆံနေသည်ကို ကိန်းဂဏန်းများဖြင့် ဖော်ပြထားပေသည်။

မြန်မာစစ်အစိုးရသည် မြန်မာထွက်ကုန်များကို အာရှနိုင်ငံများသာမက အခြားနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်နေခြင်းသည်လည်း မြန်မာနိုင်ငံအပေါ် စီးပွားရေးပြစ်ဒဏ်ခတ်မှုမအောင်မြင်ရခြင်း၏ဒုတိယ အကြောင်းအချက်ဖြစ်သည်ဟု အစီရင်ခံစာက ဆိုသည်။

အစီရင်ခံစာတွင် ၂၀၀၄– ၂၀၀၅ ခုနှစ်၌ ဓာတ်ငွေ့ရောင်းချမှုမှ ဝင်ငွေသည် ဒေါ်လာသန်း ၁၀၀၀ ခန့်ရှိမည်ဟု မှန်းထားပြီး၊ မည်သည့်ကုမ္ပဏီများသည် သဘာဝဓာတ်ငွေ့နှင့် ရေနံလုပ်ငန်းကို လုပ်ကိုင်နေသည်ဆိုသည်ကိုလည်း အသေးစိတ်ရေးသားထားသည်။

ထို့အပြင် မူးယစ်ဆေး မှောင်ခိုရောင်းချမှုမှရရှိသည့် မြန်မာနိုင်ငံ၏ဝင်ငွေမှာ တနှစ်ကို ဒေါ်လာ သန်း ၁၀၀၀ နှင့် ၂၀၀၀ ကြားတွင်ရှိသည်ဟု ထောက်ပြထားသည်။ အထူးသဖြင့် မြန်မာစစ်ထောက်လှမ်းရေးအရာရှိများနှင့် ဝခေါင်းဆောင်များအကြား နားလည်မှုယူထားရာတွင် ဘိန်းကိုသာ အထွက်လျော့အောင်လုပ်ပေးနိုင်မယ်ဆိုရင် အမ်ဖက်တမင်းစိတ်ကြွဆေးထုတ်လုပ်မှုကို ကြိုက်သလောက်တိုးချဲ့ထုတ်လုပ်ခွင့်ပေးထားသည်ဟု အစီရင်ခံစာ၌ ဖော်ပြထားသည်။

တတိယအချက်အနေဖြင့် ဒဏ်ခတ်မှုနှင့် သံတမန်ရေးဖိအားကို လျော့ပါးစေသည့် အာဆီယံနိုင်ငံများ၏ အပြုသဘောဆောင်သည့်ဆက်ဆံရေးသည်လည်း မြန်မာစစ်အစိုးရအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက ဒဏ်ခတ်မှုမအောင်မြင်ရခြင်းဖြစ်သည်ဟု အကျယ်တဝင့်ရှင်းထားသည်။

စတုတ္ထအချက်လည်းဖြစ် ဒဏ်ခတ်မှုမအောင်မြင်ရခြင်း၏အဓိကအချက်မှာ မြန်မာနိုင်ငံအပေါ် တရုတ်က စီးပွားရေးနှင့် စစ်ရေးအကူအညီပေးနေခြင်းဖြစ်သည်ဟု ကောက်ချက်ဆွဲထားပြီး အထောက်အထားများနှင့်တကွ တင်ပြထားသည်။

ပဉ္စမအချက်မှာ စီးပွားရေးလုပ်ငန်းရှင်များချုပ်ကိုင်ထားသည့် ထိပ်ပိုင်းစစ်ဘက်အရာရှိများနှင့် ၎င်းတို့၏မိသားစုများအတွက် ဝင်ငွေရအောင်လုပ်ပေးနေနိုင်သည့်အချက်ဖြစ်သည်ဟု ထောက်ပြထားသည်။

---

# စီးပွားရေးဒဏ်ခတ်မှုရုပ်သိမ်းရန် အဲန်အဲလ်ဒီ လုပ်ရန်မလို

**NEJ ၊ ဖေဖော်ဝါရီ ၂၆ ။။** မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူထားမှုများသည် အဲန်အဲလ်ဒီကပြုလုပ်ထားခြင်းမဟုတ်သည့်အတွက် ပါတီဘက်မှရုပ်သိမ်းပေးရမည့်ကိစ္စမဟုတ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ်က ခေတ်ပြိုင်သို့ပြောသည်။

လွန်ခဲ့သောရက်ပိုင်းများအတွင်း အဲန်အဲလ်ဒီကထုတ်ပြန်သောကြေညာချက်အမှတ် ၂၀၂၀၉ တွင် စီးပွားရေးကိစ္စနှင့်စပ်လျဉ်းသော ဖော်ပြပါစာသားကြောင့် အဓိပ္ပာယ်ရောထွေးမှုများဖြစ်ပေါ်လာရသဖြင့် ခေတ်ပြိုင်၏မေးမြန်းချက်ကို ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ယခုကဲ့သို့ပြောကြားလိုက်ခြင်းဖြစ်သည်။

အဲဒါကို တချို့မီဒီယာတွေရော၊ နိုင်ငံရေးအင်အားစုတွေကပါ အဓိပ္ပာယ်ကောက်လွဲမှာစိုးလို့ ပြန်လည်ပြင်ဆင်ချက်ထုတ်ထားပြီးပါပြီ၊ အဲန်အဲလ်ဒီပါတီအနေနဲ့ စီးပွားရေးပိတ်ဆို့မှုကို ထောက်ခံထားတာလည်း မရှိဘူး၊ ကန့်ကွက်ထားတာလည်းမရှိဘူး၊ ဒါတွေဟာ သက်ဆိုင်ရာနိုင်ငံတွေက သူ့သဘောနဲ့သူ လုပ်ဆောင်ခဲ့တာတွေပါ၊ အဲဒီတော့ ရုပ်သိမ်းပါဆိုတဲ့ဟာက ကျနော်တို့တတွေလည်း လုပ်ခဲ့တာမဟုတ်တော့ ရုပ်သိမ်းလို့မရဘူး၊ ဒီဥစ္စာက တိုင်းပြည်နဲ့လူထုအတွက် အကျိုးမရှိဘူးလို့ ယူဆလို့ရှိရင် အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ပါမယ်လို့ ဒီလိုအကြံပြုထားတာပါ ဟု ဦးဉာဏ်ဝင်းက ပြောသည်။

အဲန်အဲလ်ဒီသည် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုကိုပြဋ္ဌာန်းသည့်အဖွဲ့အစည်းမဟုတ်သော်လည်း တချိန်က မြန်မာစစ်အစိုးရအပေါ် နိုင်ငံတကာက စီးပွားရေးပိတ်ဆို့အရေးယူဖို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်တောင်းဆိုခဲ့ဘူးသည့်သာဓကရှိပေသည်။

**စာမျက်နှာ ၇ သို့**

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**Irrawaddy**။ ။ ဂျပန်နှင့် ကုလအထူးသံ ဂန်ဘာရီတို့၏ မြန်မာရေးပူးတွဲထုတ်ပြန်ချက်အပေါ် အဲန်အဲလ်ဒီမှ သဘောမကျကြောင်းဆို၏။

**ဖေဖော်ဝါရီ ၂၁-၂၃၊ BBC,DVB,RFA**။ ။ နိုင်ငံရေးအကျဉ်းသားများ၏ ထောင်တွင်းအခွင့်အရေးဆုံးရှုံးမှုများကို ကုလသမဂ္ဂသို့ တင်ပြခဲ့၍ ထောင်၂၅နှစ်ကျခဲ့သူ ဒေါက်တာဇော်မြင့်မောင်နှင့် ရဟန်းများအပါအဝင် နိုင်ငံရေးအကျဉ်းသား ၂၄ဦးခန့် နှင့် သာမန်အကျဉ်းသား ၆ထောင်ခန့် လွှတ်မြောက်လာကြောင်း။

**ဖေဖော်ဝါရီ ၂၃၊ UN** ။ ။ နိုင်ငံရေးအကျဉ်းသား၂၀ ဦးခန့်လွှတ်အပြီး နိုင်ငံရေးအကျဉ်းသားအားလုံးအားလွှတ်ပေးရန် ကုလနှင့် အမေရိကန်တို့မှ နအဖ အား ထပ်မံတောင်းဆို၏။

**ဖေဖော်ဝါရီ ၂၄၊ DVB** ။ ။ ABFSU မှ ကျော်ကိုကိုနှင့် ညဏ်လင်းအောင်တို့အား ပိုမိုဝေးလံသောထောင်များသို့ အပို့ခံလိုက်ရကြောင်း။

**ဖေဖော်ဝါရီ ၂၄ ၊ RFA** ။ ။ နအဖနှင့် အဲန်အဲလ်ဒီတို့ အဆက်မပြတ်ဆွေးနွေးရန် ဥရောပကော်မရှင်မှတောင်းဆို၏။

**ဖေဖော်ဝါရီ ၂၅ ၊ BKK-AP** ။ ။ မြန်မာပိုလ်ချုပ်များကို ပြောင်းလဲရန် ကမ္ဘာ့အသိုင်းအဝိုင်းအတွက် အခက်ခဲဆုံးပြဿနာတခုဖြစ်ကြောင်း သမတအိုဘားမား၏ ကုလဆိုင်ရာ အမေရိကန်သံအမတ် Susan E. Rice မှဆို၏။

**ဖေဖော်ဝါရီ ၂၅ ၊ Journal Chretien**။ ။ နအဖသည် ခရစ်ယာန်ချာ့ချ်ဘုရားကျောင်း ၁၀၀ ကျော်ခန့်အား ဆက်လက်လုပ်ဆောင်ခြင်းမှ ရပ်တန့်ရန် သင်းအုပ်ဆရာများအား အတင်းလက်မှတ်ထိုးခိုင်းစေကာ ဆက်လုပ်ပါက အကျဉ်းဒဏ်သင့်မည်ဟု ခြိမ်းခြောက်ခံနေရကြောင်း။

**ဖေဖော်ဝါရီ ၂၅၊ Mizzima** ။ ။ နိုင်ငံရေးအကျဉ်းသားအားလုံးအား အမြန်ဆုံးလွှတ်ရန် မြန်မာစစ်အဖွဲ့အပေါ် အာဆီယံနှင့် ကမ္ဘာမှ ဖိအားပေးရန် AAPP နိုင်ငံရေးအကျဉ်သားများအားကိုယ်စားပြုအဖွဲ့ မှတောင်းဆို၏။

**ဖေဖော်ဝါရီ ၂၅၊Irrawaddy**။ ။ ဒါရိုက်တာကျော်သူ၏ FFSS စေတနာ့ဝန်ထမ်းအသုဘအဖွဲ့ပိုင် အသုဘကားများအား ရန်ကုန်မြို့ထဲမှ ထွက်ခွာရန် ရန်ကုန်စည်ပင်သာယာမှ ညွှန်ကြား၏။

**ဖေဖော်ဝါရီ ၂၅၊ Irrawaddy**။ ။ နယ်ဒါမြ (ဗိုလ်ချုပ်မြ၏သား) အား ထိုင်းအာဏာပိုင်များမှ လက်နက်မှုဖြင့် ဖမ်းထားရာမှ လွှတ်လိုက်ကြောင်း။

**ဖေဖော်ဝါရီ ၂၅၊ AP** ။ ။ အိုဘားမား၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအလေးအနက်ထားမှုကြောင့် မြန်မာဒီမိုကရေစီရေးတွင် အိုဘားမားသည် ဆုံလည်တခုဖြစ်နိုင်ကြောင်း ဖိလစ်ပိုင် အထက်လွှတ်တော်အမတ် Aquilino Pimentel မှဆို၏။

**ဖေဖော်ဝါရီ ၂၅၊ WTN-AFP** ။ ။ နအဖသည် ပြည်သူများအား မတရားဖိနှိပ်ကွပ်ခြင်း၊ ရွာများမီးရှို့ခြင်း၊ တရားမဲ့သတ်ဖြတ်ခြင်း၊ အဓမ္မပြုကျင့်သူ၊ နှိပ်စက်သူများအား ဖမ်းဆီးအပြစ်မပေးခြင်းများပြုနေကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန နှစ်လည်အစီရင်ခံစာမှ မှတ်တမ်းတင် ပြစ်တင်ဝေဖန်၏။

**ဖေဖော်ဝါရီ ၂၅၊ HANOI** ။ ။ မြန်မာတွင် နိုင်ငံရေးတိုးတက်မှုဖြစ်ရန် အာဆီယံနိုင်ငံများမှ တွန်းပို့ရန် အာဆီယံဆိုင်ရာ အမေရိကန်သံမတ် Scot Marciel မှဆို၏။

**ဖေဖော်ဝါရီ ၂၆ ၊ HUA HIN, Thailand**။ ။ ကျင်းပဆဲအာဆီယံဆွေးနွေးပွဲတွင် အာဆီယံသည် ဩစတေးလျ၊ နယူးဇီလန်တို့နှင့် လွတ်လပ်စွာ ကုန်သွယ်မှု စာချုပ် ချုပ်ဖွယ်ရှိ၏။

**ဖေဖော်ဝါရီ ၂၆၊ IHT- CHA AM, Thailand**။ ။ လူ့အခွင့်အရေးအဖွဲ့များနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အာဆီယံအား လူ့အခွင့်အရေး ပျက်သုဉ်း နိမ့်ကျနေသောမြန်မာအား ဒီမိုကရေစီဘက်ဦးတက်ရန် ဖိအားပေးရန် အာဆီယံဆွေးနွေးပွဲတွင် ထပ်မံတိုက်တွန်း။။

**ဖေဖော်ဝါရီ ၂၆၊ DVB** ။ ။ အဲန်အဲလ်ဒီအဖွဲ့ဝင်များအား မိမိနေအိမ်တွင်လက်မခံရန် အိမ်မဲမြို့နယ်ဒေသခံများအား အာဏာပိုင်များမှ ခြောက်လှန့် သတိပေး၏။

**ဖေဖော်ဝါရီ ၂၆ ၊ Irrawaddy** ။ ။ နအဖပိုလ်ချုပ်သန်းရွှေ၏ ဝမ်းကွဲမြေး- သက်စိုးပိုင်နှင့် သူငယ်ချင်း ၇ ဦးတို့အား ဆရာဝန်သင်ရိုးအကုန်မတက်ဘဲ အအောင်ပေးဘွဲ့ယူခွင့်ပေးရန် အာဏာပိုင်များမှ ဆရာများအား ဖိအားပေးခဲ့၍ ဆရာအချို့နုတ်ထွက်ကြောင်း။

**ဖေဖော်ဝါရီ ၂၆၊ IRIN** ။ ။ မြန်မာတွင် ၅ နှစ်အောက်ခလေးသေဆုံးမှုများသည် ကြိုတင်ကာကွယ်နိုင်ကြောင်း ကုလခလေးနှင့်ပညာရေးအဖွဲ့ UNICEFမှ ဆို၏။

**ဖေဖော်ဝါရီ ၂၆၊ CNN** ။ ။ ထိုင်းသည် မြန်မာမှ ရိုဟင်ဂျာခလေး ၁၂ ဦးနှင့် ယောကျ်ား ၆၆ ဦးတို့အား ထိုင်းဥပဒေအရ လက်ခံမရ၍ မြန်မာသို့ နှိပ်စက်ခံအန္တရာယ်ကြား ပြန်ပို့ရုံမှတပါး မရှိဟု ထိုင်းမှဆို၏။

**ဖေဖော်ဝါရီ ၂၆၊ XNA** ။ ။ တရုတ်ပြည် ယူနန်ပြည်နယ် Teng Chong မှ ကုန်းလမ်းဖြင့်လာသော ကမ္ဘာလှည့်ခရီးသည်များကို ဗီဇာကြိုတင်မလိုတော့ဘဲ မြန်မာပြည်အခြားနေရာများသို့ပါ သွားလည်ခွင့်ပြုမည်ဟု မြန်မာသတင်းများမှဆိုကြောင်း။

**ဖေဖော်ဝါရီ ၂၆၊ HCM City**။ ။ ဗီယက်နမ်-မြန်မာကုန်သွယ်ရေးသည် ၂၀၀၈တွင် ၁၀၈ ဒသမ ၂ သန်း ဒေါ်လာရှိပြီး ၂၀၀၇ ထက် ၁၁ရာနှုန်းသာကြောင်း။

**စာမျက်နှာ ၁၅ သို့**

# မြန်မာနဲ့ ကမ္ဘောဒီးယားတို့က လူ့အခွင့်အရေးလှုပ်ရှားသူများအား အာဆီယံဆွေးနွေးပွဲသို့ ပိတ်ပင်

**VOB ၊ ဖေဖော်ဝါရီ ၂၈ ။** ။ မြန်မာနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့က ထိုင်းနိုင်ငံ ဟွာဟင်းမှာပြုလုပ်တဲ့ အာဆီယံထိပ်သီးဆွေးနွေးပွဲရဲ့ သီးခြားအစီအစဉ်တခုအဖြစ်လုပ်ဆောင်တဲ့ အာဆီယံလူမှုလူ့အဖွဲ့အစည်းများနှင့်တွေ့ဆုံပွဲသို့ မြန်မာနှင့် ကမ္ဘောဒီးယားလူ့အခွင့်အရေးလှုပ်ရှားသူများကို တက်ရောက်ခွင့်မပြုရန် တားမြစ်ပိတ်ပင်ခဲ့တယ်လို့ သိရပါတယ်။

အာဆီယံခေါင်းဆောင်တွေနဲ့ အဲဒီလူမှုလူ့အဖွဲ့အစည်းများအကြားဆွေးနွေးပွဲကို လူ့အခွင့်အရေးလှုပ်ရှားသူတွေ တက်ရောက်မယ်ဆိုရင် သူတို့ တက်မှာမဟုတ်ဘူးလို့ နအဖဝန်ကြီးချုပ်သိန်းစိန်နဲ့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆဲန်း တို့က ပြောခဲ့ပါတယ်။

မြန်မာနဲ့ ကမ္ဘောဒီးယားလူ့အခွင့်အရေးလှုပ်ရှားသူ ၂ ဦးတို့ တက်မယ်ဆိုရင် သူတို့မတက်ဘူးလို့ မြန်မာနဲ့ ကမ္ဘောဒီးယားဝန်ကြီးချုပ်တွေ ပြောဆိုတာကို ကျနော်တို့ သိရတယ်၊ ဒီအတွက် အတော့်ကို စိတ်ပျက်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တွေ့ဆုံဆွေးနွေးမှုတွေက ပြဿနာတွေ ခြားနားမှုတွေကို နားလည်မှုဖြစ်ပေါ်လာစေပြီး ပူးပေါင်းဆောင်ရွက်မှုတွေကို ဖြစ်လာစေမယ်လို့ ယုံကြည်ထားလို့ပါပဲ လို့ အာရှဖိုရမ်ရဲ့ ညွှန်ကြားရေးမှူးတဦးဖြစ်တဲ့ ယက်ပ်ဆွီးဆဲန် က ပြောပါတယ်။

မြန်မာလူ့အခွင့်အရေးလှုပ်ရှားသူ ခင်ဥမ္မာနဲ့ ကမ္ဘောဒီးယားလူ့အခွင့်အရေးလှုပ်ရှားသူ ပဲန်ဆိုမိုနီ တို့ကို သိန်းစိန်နဲ့ ဟွန်ဆဲန်တို့က မျက်နှာချင်းဆိုင်စကားပြောဆိုရမှာကို ကြောက်ရွံ့ပုံရပါတယ်။

အာဆီယံနိုင်ငံတွေထဲက တချို့နိုင်ငံတွေဟာ လူ့အခွင့်အရေးကိစ္စကို တော်တော်လေး စိုးရိမ်ကြောက်ရွံ့တဲ့စိတ်တွေရှိနေဆဲဖြစ်ပြီး၊ သူတို့တတွေဟာ ဒီကိစ္စနဲ့ပတ်သက်ရင် လူသိရှင်ကြား ပြောဆိုရင်ဆိုင်ဆွေးနွေးတာမျိုးတွေကို လုပ်ဆောင်နိုင်တာမျိုးမရှိသေးပါဘူး၊ ဒါကြောင့်လည်း အာဆီယံချာတာနဲ့အညီ အာဆီယံလူ့အခွင့်အရေးကော်မရှင်ဆိုတာ ပေါ်လာရမယ့်ကိစ္စဟာ အခုထက်တိ တိကျပြတ်သားတဲ့အနေအထားကို ရောက်မလာသေးပါဘူး။

ဒီအတောအတွင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ မြန်မာ့အရေးလှုပ်ရှားသူတွေက မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးအခြေအနေတွေနဲ့ ဒီမိုကရေစီရေးအခြေအနေတွေကြောင့် စစ်အာဏာပိုင်တွေကို အရေးယူဖို့ ထိုင်းသံရုံးရှေ့မှာတောင်းဆိုဆန္ဒပြခဲ့ကြတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးအခြေအနေတွေကို စောင့်ကြည့်ဖို့ လူ့အခွင့်အရေးလှုပ်ရှားသူတွေက အာဆီယံအလှည့်ကျဥက္ကဌဖြစ်တဲ့ ထိုင်းနိုင်ငံရဲ့သံရုံးရှေ့မှာ တောင်းဆိုခဲ့ကြပါတယ်။ ဆန္ဒပြသူတွေက မြန်မာပြည်သူပြည်သားတွေဟာ သူတို့ကိုအုပ်ချုပ်နေတဲ့စစ်အာဏာရှင်တွေကြောင့် ဒုက္ခရောက်နေကြရတယ်၊ နိုင်ငံရေးအရရော စီးပွားရေးအရပါဖြစ်တယ်လို့ ဆိုကြပါတယ်။

---

# မြန်မာ့အရေးအဖြေရှာရန် အာဆီယံအမတ်များ တောင်းဆို

**VOB ၊ ဖေဖော်ဝါရီ ၂၇ ။** ။ မြန်မာပြည်မှာ ဒီမိုကရေစီရေးနဲ့ လူမှုရေးတရားမျှတမှုတွေဖြစ်ထွန်းစေဖို့ အာဆီယံထိပ်သီးဆွေးနွေးပွဲကနေ အဖြေရှာဖို့ အာဆီယံအမတ်တွေက တိုက်တွန်းပြောဆိုလိုက်ပါတယ်။

စင်္ကာပူနိုင်ငံက အမတ်ဖြစ်တဲ့ ချားလ်စ်ချောင် က မြန်မာနိုင်ငံမှာ ကျင်းပဖို့ရှိတဲ့ ရွေးကောက်ပွဲဆိုတာမှာ နိုင်ငံရေးအင်အားစုတွေအားလုံး ပါဝင်နိုင်ဖို့ အရေးကြီးတယ်လို့ ပြောဆိုလိုက်ပါတယ်။ မြန်မာပြည်ဒီမိုကရေစီအရေးအာဆီယံအမတ်အဖွဲ့ဟာ ဒီကနေ့မှာ ဘန်ကောက်မှာ တွေ့ဆုံခဲ့ကြပြီး မြန်မာပြည်ရဲ့လူမှုရေးအခြေအနေတွေကို ဆွေးနွေးခဲ့ကြပါတယ်။

အာဆီယံအမတ်များအဖွဲ့ဥက္ကဌ ထိုင်းနိုင်ငံမှ ကရိုင်ဆပ်ချွန်ဟာဝမ်က အာဆီယံထဲမှာ ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုတွေလုပ်တာဟာ အဖွဲ့ကြီးအတွက် စာမျက်နှာသစ်ဖွင့်လိုက်ခြင်းပဲဖြစ်တယ်၊ မြန်မာ့အရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံရေးအရ လက်တွေ့လုပ်ဆောင်မှုတွေကို ဘယ်လိုလုပ်ကိုင်မလဲဆိုတာ စောင့်ကြည့်ရဦးမယ်လို့ ပြောပါတယ်။

သူက အာဆီယံချာတာဟာ ဒေသတွင်းလူ့အခွင့်အရေးစံတခုကို သတ်မှတ်ဖို့ရာဖြစ်လာပြီဆိုတဲ့အကြောင်းနဲ့ အာဏာရှင်နိုင်ငံပဲဖြစ်ဖြစ် ဒီမိုကရေစီနိုင်ငံပဲဖြစ်ဖြစ် အာဆီယံရဲ့ရည်ရွယ်ချက်ကို ထိလို့မဖြစ်တော့ဘူး၊ လူ့အခွင့်အရေးဟာ ကြီးမားကျယ်ပြန့်လာပြီ ဘယ်သူမှတားဆီးလို့မရတော့ဘူးလို့ ပြောဆိုသွားပါတယ်။

# အာဆီယံလူ့အခွင့်အရေးကော်မတီပေါ်ထွန်းမည် လူ့အခွင့်အရေးချိုးဖောက်မှုအရေးယူမည့်စနစ်မရှိ

**VOB ၊ ဖေဖော်ဝါရီ ၂၇ ။** ။ အာဆီယံလူ့အခွင့်အရေးကော်မတီဟာ အောင်မြင်စွာနဲ့ ပေါ်ထွန်းလာဖို့ရာ သေချာသွားပါပြီ၊ ဒီကော်မတီက အခြေခံလူ့အခွင့်အရေးတွေကို တိုးမြှင့်လုပ်ဆောင်ပေးမှာဖြစ်ပေမဲ့လည်း မြန်မာနိုင်ငံလိုမျိုး လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အရေးယူမယ့်နည်းလမ်းစနစ်တွေမရှိတဲ့အတွက် ထိရောက်မှုရှိဖို့အရေးမေးခွန်းထုတ်စရာဖြစ်နေပါတယ်။

အဖွဲ့ဝင်နိုင်ငံတွေကြားမှာ ပြစ်တင်ဝေဖန်တာမျိုးတွေလုပ်တဲ့အစဉ်မလာမရှိတဲ့ အာဆီယံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် အရေးယူမယ့်နည်းလမ်းတွေ မရှိတာဟာ မဆန်းပါဘူး။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟတ်ဆန်က လူ့အခွင့်အရေးကိစ္စအတွက် ခိုင်မာတဲ့လုပ်ငန်းဖော်ဆောင်မယ့်နည်းလမ်းတွေ ပေါ်ထွန်းရေးဟာ အရေးကြီးတယ်လို့ ပြောဆိုပါတယ်။ ဒါပေမဲ့ အာဆီယံက အစဉ်တစိုက်ကျင့်သုံးနေတဲ့ အဖွဲ့ဝင်နိုင်ငံများရဲ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရဆိုတဲ့အစဉ်အလာဟာ လူ့အခွင့်အရေးနဲ့ပတ်သက်ရင် ဘယ်လိုနေမလဲဆိုတာစဉ်းစားစရာဖြစ်ပါတယ်။

အဖွဲ့ဝင်တနိုင်ငံက လူ့အခွင့်အရေးနဲ့ပတ်သက်ပြီး ဝေဖန်ပြောဆိုပါက အပြောဆိုခံရတဲ့နိုင်ငံက ပြည်တွင်းရေးကိစ္စလို့ဆင်ခြေပေးပြောလျှင် ဘယ်လိုဖြစ်မလဲဆိုတာ အများကြီးအခက်အခဲတွေ့နိုင်တယ်လို့ လူ့အခွင့်အရေးလှုပ်ရှားသူများက ထောက်ပြကြပါတယ်။



## တရုတ်ဧည့်သည်ပိုလက်ခံမည်

ကုန်းတွင်းနယ်စပ်ကိုဖြတ်ကျော်ပြီး မြန်မာနိုင်ငံတွင်းသို့ တရုတ်နိုင်ငံသားတွေ ဝင်ရောက်လည်ပတ်ခွင့်ကို ပိုမိုတိုးချဲ့ပေးတော့မယ်လို့ သိရပါတယ်။ အရင်တုန်းက နယ်စပ်နဲ့နီးတဲ့မြို့ကြီးတွေလောက်အထိပဲ လည်ပတ်နိုင်ခဲ့ပေမဲ့ မကြာခင်ကစပြီး မန္တလေး၊ ပုဂံ၊ ငွေဆောင်ပင်လယ်အပန်းဖြေစခန်းစတဲ့နေရာတွေအထိ သွားရောက်ခွင့်တွေပေးဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ **(XINHUA, 26.2.2009)**

## ကာဆီနိုပြန်ပေး

တရုတ်နိုင်ငံခြားရေးဌာနက သူ့ရဲ့နိုင်ငံသားတွေကို မြန်မာပြည်ထဲသွားပြီး ကာဆီနိုလောင်းကစားတာမျိုးတွေ မလုပ်သင့်ဘူးလို့ သတိပေးတယ်လို့ သိရပါတယ်။ တရုတ်-မြန်မာနယ်စပ် မဲခေါင်မြစ်ကျောတလျှောက်မြန်မာပြည်ဘက်မှာ ကာဆီနိုလောင်းကစားဝိုင်းတွေထောင်ထားပြီး တရုတ်တွေ နယ်စပ်ဖြတ်ကျော်ကာ လာရောက်ကစားလေ့ရှိပါတယ်။ ဒါပေမဲ့ မကြာသေးခင်ကာလတွေကစပြီး တရုတ်လူမျိုးတွေကို ပြန်ပေးဆွဲမှုတွေ များလာတဲ့အတွက် အခုလိုသတိပေးတာဖြစ်ပါတယ်။ **(REUTERS, 25.2.2009)**

## ခရစ်ယာန်နှိပ်ကွပ်မှု

မြန်မာစစ်အာဏာပိုင်တွေဟာ မကြာသေးခင်ကာလအတွင်းမှာ ခရစ်ယာန်ဘာသာကိုးကွယ်ဝတ်ပြုမှုနဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေကို ပိတ်ပင်တာမျိုးတွေလုပ်ကိုင်နေခဲ့ပါတယ်။ အနည်းဆုံး ဘုရားရှိခိုးကျောင်း ၁၀၀ လောက် ဝတ်ပြုဆုတောင်းပွဲတွေလုပ်ခွင့်ပိတ်ပင်ခံခဲ့ရသလိုသင်းအုပ်ဆရာ ၅၀ လောက်ကိုလည်း ဘုရားကျောင်းအတွင်း ဘာသာရေးနဲ့ပတ်သက်တာမျိုးတွေမလုပ်ပါဘူးဆိုတဲ့ ကတိခံဝန်ချက်တွေကို အတင်းလက်မှတ်ရေးထိုးခိုင်းပြီး ဖောက်ဖျက်ကျူးလွန်ရင် ထောင်ချခံရမယ်လို့ သိရပါတယ်။ **(JOURNAL CHRETIEN, 26.2.2009)**

## ကေအဲန်ယူအပေါ် ထိုင်းဖိအား

ထိုင်းအာဏာပိုင်တွေက ကေအဲန်ယူဗိုလ်မှူးကြီးနဲဒါမြကို ဇန်နဝါရီလအတွင်းကဖမ်းဆီးခဲ့ပြီးနောက် မကြာသေးမီက ပြန်လွှတ်ပေးလိုက်တယ်လို့ သိရပါတယ်။ နဲဒါမြဟာ တရားမဝင်လက်နက်ကိုင်ဆောင်တယ်၊ မြန်မာပြောင်းရွှေ့လုပ်သားတွေကို ထိုင်းနိုင်ငံတွင်းသို့ သယ်ပို့ပေးတဲ့စွဲချက်တွေနဲ့ဖြစ်ပါတယ်။ အကဲခတ်တွေက ထိုင်းအစိုးရဟာ ကေအဲန်ယူအပေါ် ပိုမိုဖိအားပေးလာနေတယ်လို့ ဆိုပါတယ်။ **(IRRAWADDY, 25.2.2009)**

## ဒုက္ခသည်ကိစ္စသတိပေးချက်

မလေးရှားနိုင်ငံက မြန်မာအစိုးရအနေနဲ့ ဒုက္ခသည်ကိစ္စကို အခုထက်ပိုပြီးပွင့်ပွင့်လင်းလင်းကိုင်တွယ်ဖို့လိုတယ်လို့ ပြောဆိုပါတယ်။ လေ့စီးရိုဟင်ဂျာကိစ္စဟာ ကျယ်ပြန့်လာတဲ့အရေးဖြစ်လာတာကို သတိပေးလိုက်တာမျိုးဖြစ်ပါတယ်။ **(XINHUA, 26.2.2009)**

## ဘန်ကီမွန်း မြန်မာပြည်မသွားသေး

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း မြန်မာပြည်ကို ကိုယ်တိုင်သွားပြီး မြန်မာ့အရေးကိစ္စကို ပိုမိုလုပ်ဆောင်ဖြေရှင်းနိုင်ဖို့ဆိုတာတွေကို နိုင်ငံတကာသံတမန်လောကမှာ ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုနေပေမဲ့ မစ္စတာ ဘန် ကတော့ သူသွားနိုင်ဖို့အတွက် စစ်အစိုးရအနေနဲ့ နိုင်ငံရေးအရ အခုထပ်ပိုပြီး တိုးတက်တဲ့လုပ်ဆောင်ချက်တွေလုပ်ဖို့ပြောဆိုပါတယ်။ **(IHT, 23.2.2009)**

## မြန်မာ့လေကြောင်း ဘန်ကောက်ခရီးတိုးချဲ့

မြန်မာ့လေကြောင်းဟာ ဘန်ကောက်ကို ပျံသန်းပြေးဆွဲနေတာကို တိုးချဲ့မယ်လို့ ဆိုပါတယ်။ မတ်လ ၂၉ ရက်နေ့ကစပြီး နေ့စဉ်ပျံသန်းမှာဖြစ်ပါတယ်၊ အရင်က တပတ် ၅ ကြိမ် ပျံသန်းနေခဲ့တာပါ။ အခုလိုတိုးချဲ့တဲ့ခရီးစဉ် အတွက် လေယာဉ်သစ်ဝယ်တာမဟုတ်ပဲ ထိုင်းနိုင်ငံက ပြည်တွင်းလေကြောင်းNOK လေကြောင်းလိုင်းက ဘိုအင်း ၇၃၇ အမျိုးအစားလေယာဉ်တစင်းကို ငှားရမ်းမှာဖြစ်ပါတယ်။ **(XINHUA, 23.2.2009)**

## ပဲခူးကြက် ရန်ကုန်မဝင်ရ

ပဲခူးတိုင်း ပြည်မြို့နယ်အတွင်းကကြက်ခြံတွေမှာ မွေးမြူရေးကြက်တွေထဲ ကူးစက်ရောဂါဖြစ်ပွားတဲ့အတွက် ပဲခူးတိုင်းအတွင်းက ကြက်တွေရန်ကုန်ကို သယ်ပို့တာမျိုးလုပ်ဆောင်လို့မရဘူးလို့ တားမြစ်ထားပါတယ်။ ဒီလိုတားမြစ်ချက်ဟာ ရန်ကုန်ဧရိယာအတွင်းနဲ့ ဧရာဝတီတိုင်းအတွင်း ကကြက်တွေအကျုံးမဝင်ဘူးလို့ တိရိစ္ဆာန်မွေးမြူရေးနဲ့ ဆေးကုသရေးအရာရှိတွေ ပြောပါတယ်။ **(XINHUA, 23.2.2009)**

## ရန်ကုန်အနီးတွင် ဓာတ်ငွေ့တွေ့

ရန်ကုန်မြို့အနီး ဒဂုံမြို့သစ်တောင်ပိုင်းက လေးထောင့်ကန်ကလယ်ကွင်းတနေရာမှာ သဘာဝဓာတ်ငွေ့တွေ့ရတယ်လို့ သိရပါတယ်။ နအဖလက်အောက်ခံ ဘူမိဗေဒစူးစမ်းလေ့လာရေးအဖွဲ့က စမ်းသပ်ရှာဖွေတူးဖော်တာတွေလုပ်တယ်လို့ ဆိုပါတယ်။ အဲဒီလယ်ကွင်းအတွင်းမှာ ပဲတွေစိုက်ထားပြီးပိုင်ရှင်ကို လျော်ကြေးတစုံတရာမပေးပဲ အပင်တွေကို ဖျက်ဆီးကာ တူးဖော်တယ်လို့လည်း သိရပါတယ်။ **(IRRAWADDY, 24.2.2009)**

## လာအိုနဲ့နအဖစစ်ရေးပိုပူးပေါင်းမည်

လာအိုနိုင်ငံသမတဟာ နအဖဗိုလ်ချုပ်ကြီးရွှေမန်းနဲ့ တွေ့ဆုံပြီးနှစ်နိုင်ငံအကြား နယ်စပ်လုံခြုံရေးကိစ္စနဲ့ စစ်ရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေကို ဆွေးနွေးသဘောတူညီခဲ့ကြတယ်လို့ သိရပါတယ်။ နှစ်ဘက်စလုံးဟာ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးနဲ့ ကာကွယ်ရေးအခြေအနေတွေကို အပြန်အလှန်ရှင်းလင်းပြောပြခဲ့ကြပါတယ်။ **(XINHUA, 24.2.2009)**

# အကောင်းဆုံးမြေသြဇာလူငယ် ၃ ဦး အား ရန်ကုန်တိုင်းရဲရုံးတွင် ဖမ်းထားဆဲ

**NEJ ၊ ဖေဖော်ဝါရီ ၂၅ ။။** အကောင်းဆုံးမြေသြဇာအဖွဲ့မှ ကို မင်းစိုးထိုက်၊ ကိုကျော်ဇင်နိုင်၊ ကိုအောင်မင်းထက်တို့ ဖေဖော်ဝါရီ ၁၄ ရက် နေ့၌ မြောက်ဥက္ကလာပမြို့ အထက ၃ ကျောင်းရှေ့တွင် နှင်းဆီးပန်းလူထုလှုပ်ရှားမှုပိုစကာကပ်ခဲ့ခြင်းကြောင့် အာဏာပိုင်များက နေအိမ်သို့ လာရောက်ဖမ်းဆီးခဲ့ပြီး ယခုအခါ ရန်ကုန်တိုင်းရဲရုံးတွင် ဖမ်းဆီးနှိပ်စက်စစ်ဆေးနေကြောင်း ယင်းအဖွဲ့ဝင် လူငယ်တဦးက ပြောသည်။

လူထုအတွက် စတေးခံအကောင်းဆုံးမြေသြဇာအဖွဲ့၊ မျိုးဆက်သစ်လူငယ်များအဖွဲ့၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့ပူးပေါင်းကာ ငြိမ်းချမ်းရေးနှင့် ချစ်ခြင်းမေတ္တာသင်္ကေတအထိမ်းအမှတ်လှုပ်ရှားမှုအဖြစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် လူထုလှုံ့ဆော်ရေးတရပ်ပြုလုပ်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုအတွက် အဖမ်းခံလူငယ် ၅ ဦး ပိုစတာကပ်သည်ကို စွမ်းအားရှင် ဆိုက်ကားသမားတဦးမြင်သွားကာ အာဏာပိုင်များထံ သတင်းပေးခဲ့ခြင်းကြောင့် အိမ်အထိလာရောက်ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း သိရသည်။ ၄င်းတို့ ၃ ဦးကို မြို့နယ် မယကရုံးတွင် ထိန်းသိမ်းထားရာမှ ၁၆ ရက်နေ့တွင် တိုင်းရဲရုံးသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါအဖွဲ့ဝင်တဦးက ပြောသည်။

ကျနော်တို့အဖွဲ့ဝင်လူငယ်တွေက ဘယ်လောက်ပဲ အဖမ်းခံနေရပါစေ၊ နောက်တွန့်သွားမှာမဟုတ်ဘူး၊ ဆက်လက်လုပ်ဆောင်သွားမယ်ဆိုတာ လှုပ်ရှားမှုတွေနဲ့ သက်သေပြနေပါတယ်။ အဲဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးပါ။ ၂၀၁၀ ရွေးကောက်ပွဲကို ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုင်းရင်းသားခေါင်းဆောင်တွေမပါပဲနဲ့ လုပ်ဆောင်နေမယ်ဆိုရင် အခုလိုလှုပ်ရှားမှုတွေနဲ့ လူထုကိုနားလည်အောင်ပြောပြ ဆွဲခေါ်တင်ပြီး လှုပ်ရှားသွားမှာပါခင်ဗျ၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲတွေဖြစ်ဖို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးပါ၊ ကျနော်တို့လူငယ်တွေရဲ့ ရင်ထဲကဆန္ဒတွေ ဖော်ထုတ်ပြသတာကိုလည်း လွတ်လပ်စွာဆောင်ရွက်ခွင့်ပေးပါ၊ ဖမ်းတာဆီးတာတွေရပ်ပါ၊ ကျနော်တို့အဖွဲ့က အဖမ်းခံလူငယ်တွေကိုလည်း ချွင်းချက်မရှိ ပြန်လွှတ်ပေးပါလို့ အဖွဲ့ဝင်လူငယ်တဦးက ပြောပါတယ်။

ယခုကဲ့သို့ ဖမ်းဆီးမှုများရှိနေသော်လည်း အဖွဲ့အနေဖြင့် လှုပ်ရှားမှုများရပ်တန့်သွားမည်မဟုတ်ပဲ နယ်မြို့များအတွင်းပါ လှုပ်ရှားသွားမည်ဖြစ်ကြောင်း ယင်းလူငယ်က ဆက်လက်ပြောဆိုသည်။

---

## ရိုဟင်ဂျာအရေး အာဆီယံနှင့်ပူးပေါင်းမည်ဟု နအဖပြောဆို

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေဆီရောက်နေတဲ့ ရိုဟင်ဂျာလှေစီးဒုက္ခသည်တွေအရေးကိစ္စကို အာဆီယံအတွင်းရေးမှူးအဖွဲ့နဲ့ပူးပေါင်းပြီး လုပ်ဆောင်ဖို့ မြန်မာစစ်အာဏာပိုင်တွေက သဘောတူလိုက်ပြီလို့ သိရပါတယ်။ ကနဦးက အဲဒီရိုဟင်ဂျာတွေဟာ မြန်မာနိုင်ငံကမဟုတ်ဘူးဆိုပြီး ငြင်းဆန်နေခဲ့တဲ့ နအဖဟာ ဖိအားတွေအပေးခံရပြီး ရပ်တည်ချက်ပြောင်းလဲသွားတာဖြစ်ပုံရပါတယ်။ ရိုဟင်ဂျာဒုက္ခသည်တွေကိစ္စကို လူ့အခွင့်အရေးရှုထောင့်မှလုပ်ဆောင်လျှင်ပြေလည်ဖွယ်ရာရှိပါတယ်။

(VOB, 28.2.2009)

# ၂၀၀၉ တွင် ရန်ကုန်၌ ရေရမှုအခြေအနေ အဆိုးဆုံးရောက်

**NEJ ၊ ဖေဖော်ဝါရီ ၂၅ ။။** လက်ရှိ ၂၀၀၉ ခုနှစ်သည် ရန်ကုန်တွင် ရေရရှိမှုအဆိုးဆုံးအခြေအနေဖြစ်သည်ဟု မြို့ခံများက ပြောကြားသည်။

ရန်ကုန်မြို့လယ် ၃၇ လမ်းတွင် အကျိုးဆောင်ရုံးဖွင့်လှစ်ထားသူက ကျမ ရန်ကုန်သူပါ၊ ဒီ ၃၇ လမ်းမှာ ရုံးခန်းလည်းဖွင့်၊ လူလည်းနေတာ ၁၅ နှစ်ကျော်နေပါပြီ၊ စည်ပင်သာယာကပေးတဲ့ရေဆိုတာ မီးလာရင် မော်တာဖွင့်ပြီး စုပ်လိုက်ရုံပဲ၊ ဘယ်အချိန်စုပ်စုပ်ရေတက်တယ်၊ တခြားမြို့နယ်တွေ ရေအခက်အခဲရှိပေမဲ့၊ ကျောက်တံတားမြို့နယ် ဒီ ၃၇ လမ်းမှာ ရေရတယ်၊ ခု ဒီလထဲမှာ မီးလာလို့ ရေစုပ်ပေမယ့် ရေကမရဘူး၊ နောက်စည်ပင်ကိုခေါ် ပြကြည့်တော့ လမ်းထဲကပိုက်ထဲမှာ ရေမရှိဘူးလို့ ပြောတယ်၊ မိန်းပိုက်က ဖောက်သွယ်မှ ရေရမယ်လို့ ပြောတယ်၊ ဒီတော့ ကျမလည်း မတတ်နိုင်ဘူး၊ စည်ပင်ကလူကို တသိန်း ခုနှစ်သောင်းပေးပြီး မိန်းပိုက်ကနေရေဖောက်သွယ်ယူလိုက်ရတယ်၊ ကျမသိသလောက် ဒီ ၁၅ နှစ်အတွင်းမှာ အဆိုးဆုံးပဲ ဟု ပြောသည်။

အဆိုပါကိစ္စကို ဗိုလ်တထောင်မြို့နယ်တွင်းနေသူတဦးအားမေးကြည့်ရာ သူက ရပ်ကွက်တွင်းမှာ မူလကတည်းက ည ၁၂ နာရီမှ မနက် ၅ နာရီအတွင်းသာ ရေစုပ်တင်လို့ရကြောင်း အချို့ရက်တွေမှာ မီးပြတ်တဲ့အတွက်စုပ်မရသလို မီးလာတဲ့ရက်များမှာလည်း ပိုက်ထဲရေမရှိလို့ စုပ်မရကြောင်း၊ ရေစုပ်မရတာ ၇ ရက်ခန့်ရှိပြီဖြစ်ကြောင်း ပြောပြသည်။

ဗိုလ်တထောင်မြို့နယ် စည်ပင်သာယာသို့ ဖုန်းဆက်မေးကြည့်ရာ အခုရက်ပိုင်းအတွင်း မီးပြတ်တာများလို့ ရေတွန်းစက်များ ရေမတွန်းနိုင်လို့ ပိုက်တွေထဲ ရေမရောက်နိုင်တာဖြစ်ကြောင်း၊ ၄င်းတို့ တိတိကျကျ မပြောနိုင်ကြောင်း ဆိုသည်။

ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်နှင့် တာမွေမြို့နယ်များမှာနေထိုင်သူများမှာ ရေအလွန်ခက်ခဲနေသည်မှာ မှန်ကန်ကြောင်း၊ ယခုနှစ်ထဲမှာ အဆိုးဆုံးဖြစ်ကြောင်း ဆိုသည်။

---

## ဝန်ကြီးဦးအောင်သောင်းအား ရိုဟင်ဂျာစစ်ဆင်ရေး တာဝန်ပေး

**NEJ ၊ ဖေဖော်ဝါရီ ၂၇ ။။** ရိုဟင်ဂျာဒုက္ခသည်များကိစ္စနှင့်ပတ် သက်ပြီး မြန်မာစစ်အစိုးရအပေါ် အာဆီယံနိုင်ငံတချို့က ဖိအားပေးပြောနေချိန်တွင် ပြန်လည်ချေပရန် အခြေခံအချက်အလက်များ ရှာဖွေရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စက်မှု ၁ ဝန်ကြီး ဦးအောင်သောင်းအား ရခိုင်ပြည်နယ်သို့ စစ်ဆင်ရေးပုံစံဖြင့် တာဝန်ပေးထားသည်ဟု သိရသည်။

လွန်ခဲ့သည့်ဖေဖော်ဝါရီလဆန်းမှစပြီး ဝန်ကြီးဦးအောင်သောင်းနှင့်အဖွဲ့ ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး ပြည်နယ်တခုလုံးရှိ ရိုဟင်ဂျာရွာများကို အသေးစိတ်စုံစမ်းနေပြီး ရိုဟင်ဂျာများ နောက်မပေါက်ပွားအောင်မည်သို့လုပ်ကိုင်သင့်သည်ဆိုသည့်အချက်အလက်များကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံတင်ပြရမည်ဟု ဝန်ကြီးချုပ်ရုံးနှင့်နီးစပ်သော သတင်းရပ်ကွက်မှ ပြောဆိုသည်။

မကြာခင်ရက်ပိုင်းအတွင်း ဝန်ကြီးဦးအောင်သောင်းနှင့်အဖွဲ့သည် ရိုဟင်ဂျာကိစ္စအတွက် ထပ်မံသွားရောက်ဦးမည်ဟု ၄င်း၏ လက်ထောက်အရာရှိတဦးက ပြောပါသည်။ ရခိုင်ပြည်မှရိုဟင်ဂျာများနှင့်ပတ်သက်သည့် အထောက်အထားများ အပြီးသတ်စုဆောင်းပြီးချိန်တွင် နိုင်ငံတော်လုံခြုံရေးအစည်းအဝေးသို့ တင်သွင်းရမည်ဖြစ်သည်ဟု စုံစမ်းသိရှိရသည်။

# မုန်တိုင်းဘေးသင့်သည်မှာ ဆယ်လရှိသော်လည်း ဒုက္ခသည်များအတွက်အကူအညီမလုံလောက်သေး

**DVB ၊ ဖေဖော်ဝါရီ ၂၇ ။** ။ နာဂစ်မုန်တိုင်းတိုက်ခဲ့သည်မှာ ၁၀ လ ရှိခဲ့ပြီဖြစ်သော်လည်း ဒုက္ခသည်တွေ အခုအချိန်အထိ အကူအညီ အလုံ အလောက်မရရှိသေးဘူးလို့ ဒေသတွင်း ကယ်ဆယ်ရေးသမားတွေက ပြော ပါတယ်။

တချို့ဆိုရင် ပလပ်စတစ်အမိုးအောက်မှာ ခိုလှုံနေရဆဲဖြစ်ပြီး အထူးသဖြင့် နွေရာသီမှာ လပွတ္တာမြို့အောက်ပိုင်းနဲ့ ဘိုကလေးမြို့တို့မှာ သောက်သုံးရေ အရေးပေါ်လိုအပ်နေတယ်လို့ လပွတ္တာမြို့မှ ဆရာဝန် ဒေါက်တာ အေးကြူက ပြောပါတယ်။

သောက်သုံးရေအခက်အခဲတွေ့နေတယ်၊ သောက်ရေပြဿနာကို အဲန်ဂျီအိုတွေနဲ့ အစိုးရ ပေါင်းပြီးဖြေရှင်းပေးနေတာပဲ၊ လပွတ္တာကန်ကြီးကနေ ရေပေးမခပ်တော့ဘူး လို့ ပြောပါတယ်။

အဲန်ဂျီအိုတွေက စက်လှေတွေနဲ့ သောက်ရေသန့် သယ်ခပ်ပေးတာတွေတော့ လုပ်ပေးနေတယ်လို့ ပြောပါတယ်။

ဘိုကလေးဘက်မှာဆိုရင်လယ်မြေတွေပျက်စီး၊ စပါးအထွက်ကျ၊ စပါးဈေးထိုးကျကုန်တော့ လယ်သမားတွေ အဆင်မပြေဘူးလို့ ဒေသခံ တဦးက ပြောပါတယ်။ တဧကကို အရင်တုန်းက ၄၆– ၄၇ တင်းထွက်တဲ့ လယ်တွေ အခုဆိုရင် ၁၀ တင်းလောက်ပဲထွက်တော့တယ်၊ အရင်တုန်းက တင်း ၁၀၀ ကို သုံးလေးသိန်းပေါက်တဲ့စပါးဟာ အခုဆိုရင် နှစ်သိန်းပဲ ပေါက်တော့တယ်၊ တချို့တွေဆိုရင် စက်တွေ ပြန်အသိမ်းခံရတယ်၊ နာဂစ်ကာလ တုန်းက စက်တွေ အကူအညီပေးမယ်လို့ ပြောထားတဲ့ဟာတွေ အခုတော့ ရောင်းစားထားတဲ့ပုံစံလိုမျိုး ပြန်သိမ်းမယ်လုပ်နေတယ် လို့ သူက ပြောပါ တယ်။

IDE စတဲ့ နိုင်ငံတကာ NGO တွေက ထောက်ပံ့ရာမှာ ဒေသခံ အာဏာပိုင်အဆင့်ဆင့်က ခေါင်းပုံဖြတ်နေတယ်လို့ လပွတ္တာက လေဘေး ဒုက္ခသည်တဦးက ပြောပါတယ်။

မြို့စွန်ဖျားမှာ မီးဖိုသာသာလောက် အိမ်လေးတွေ ဆောက်ပေးတယ်၊ ကျန်တာတွေကို အိမ်ရှင်တွေက ၂ သိန်း ၃ သိန်း အကုန်ခံပြီးလုပ်ရတယ်၊ ပြီးတဲ့အခါ သူတို့က ဓာတ်ပုံရိုက်မယ်၊ ဒါတွေကို သူတို့တွေက လုပ်ပေးတယ်ဆိုပြီး လုပ်ကြတယ်။ ပေးတာကမ်းတာထက် သူတို့ရတာက ပိုများတယ်။

IDE ဝန်ထမ်းတဦးဖြစ်သူ ဒေါက်တာခင်ဇော်ဝင်းက ဒီဥစ္စာ အမှန်တကယ်ဆိုရင် ပွင့်ပွင့်လင်းလင်းပြောသင့်တာပေ့ါ၊ တခုတော့ရှိတယ်၊ လူထုကလည်း အကျပ်အတည်းတွေ့နေတယ်၊ ယူအဲန်က လန်ခရူဇာစီးနေတယ်၊ တချို့က တမျိုးထင်မှာပဲပေ့ါ လို့ ဆိုပါတယ်။

လေဘေးဒုက္ခသည်တွေနဲ့ပတ်သက်ပြီး မမှန်မကန်မှုတွေလုပ်နေတာကို ကြားသိရကြောင်း၊ ဒါပေမဲ့ နည်းပါးကြောင်း သူက ပြောပါတယ်။

ခြုံငုံပြီးတော့ ပြောလို့ကတော့ အတော်လေးခက်ပါတယ်၊ ကျနော်လည်း အဲန်ဂျီအိုမှာခေတ္တဝင်လုပ်နေတာဆိုပေမဲ့ အဲန်ဂျီအိုကို ကျနော် အကောင်းချည်းပဲမမြင်ပါဘူး၊ အထူးသဖြင့် အိုင် အဲန်ဂျီအိုတွေပေ့ါ လို့ ဒေါက်တာခင်ဇော်ဝင်းက ပြောပြပါတယ်။

အဲန်ဂျီအိုတချို့မှာ အလုပ်ထက် အသုံးက ပိုများတာတွေရှိနေပေမဲ့ ဝေဖန်မယ့်သူ၊ တိုင်ကြားမယ့်သူမရှိဖြစ်နေတယ်လို့ သူက ပြောပါတယ်။

ရန်ကုန်မှာဆိုလို့ရှိရင် အင်တာနေရှင်နယ်ဖိုရမ်တခုရှိတယ်၊ မြန်မာအဲန်ဂျီအိုဖိုရမ်တခုရှိတယ်၊ ဘယ်သူကမှ ခင်ဗျားတို့တွေ အသုံးစရိတ်လျှော့ပါဆိုပြီး ထပြောတဲ့သူ တယောက်မှမရှိဘူးလို့ ဒေါက်တာခင်ဇော်ဝင်းက ပြောပါတယ်။

---

## သတင်းပြက္ခဒိန်မှ

**ဖေဖေါ်ဝါရီ ၂၆၊ Mizzima။** ။ နအဖသည် ပထမသုံးလပတ်စစ်ဘက်နှင့် အရပ်ဘက်ထိပ်သီးညီလာခံတွင် ၂၀၁၀ ရွေးကောက်ပွဲသည် ထိပ်ဆုံးမှပါဖွယ်ရှိ၏။

**ဖေဖေါ်ဝါရီ ၂၆၊ IHT-CHA AM။** ။ အာဆီယံသည် အာဆီယံလူ့အခွင့်အရေးအဖွဲ့ ကို အတည်ပြုဖွဲ့ စည်းခဲ့၏။ သို့သော်အဖွဲ့သည် မြန်မာကဲ့သို့သော လူ့အခွင့်အရေးချိုးဖေါက်သည့် နိုင်ငံအားစုံစမ်းစစ်ဆေးခြင်းသော်၄င်း အပြစ်ပေးအရေးယူခြင်းသော်၄င်း ဆောင်ရွက်နိုင်မည်မဟုတ်။

**ဖေဖေါ်ဝါရီ ၂၇၊ Nation-BKK။** ။ နအဖ၏ (တနေ့အတွင်း) ထောင်ကျများအားလွှတ်၍ ကမ္ဘာသို့လှည့်စားခြင်းစသည့် မျက်နှာဆယ်နည်းမျိုးသုံးပြ၍ ၂၀၁၀ ရွေးကောက်ပွဲကို ကမ္ဘာ့ဘောင်နည်းနည်းဝင်နည်းဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံသစ်ကို အတည်ဖြစ်စေကာ မိမိတို့၏ အာဏာပိုင်ကလည်း ခိုင်မြဲစေမည်ဖြစ်၍ အလှည့်ဖြားမခံ၊ မမြင်ချင်ယောင်မဆောင်ကြရန် စိုင်းဝမ်းဆိုင်မှ ကမ္ဘာ့နိုင်ငံနှင့် အစိုးရများကိုသတိပေး သတင်းဝေဖန်၏။

**ဖေဖေါ်ဝါရီ ၂၇၊ Irish Times။** ။ နာဂစ်မုန်တိုင်းဘေးဒုက္ခသည်များထံပေးပို့သော အကူပစ္စည်းများ ပိတ်ဆို့မှုဖြင့် မြန်မာစစ်အဖွဲ့အား ကမ္ဘာ့ကုလသမဂ္ဂမှ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ သို တင်ပြသင့်ကြောင်း ထင်ရှားလေးစားသင့်သည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး ဆရာဝန်ဆရာမ ကျွမ်းကျင်သူများပါသည့် သီးသန့်လွတ်လပ်သည့်အဖွဲ့ ၏ ထုတ်ပြန်ချက်မှ ဆို၏။ ထိုစာတမ်းသည် မုန်တိုင်းနှင့်ပတ်သက်သူဘက်စုံလူများအားတွေ့ ဆုံမေးမြန်း စစ်ဆေးချက်အရဖြစ်၏။

**ဖေဖေါ်ဝါရီ ၂၇၊ Irrawaddy။** ။ မြန်မာလူ့အခွင့်အရေးနှင့် ရိုဟင်ဂျာပြဿနာများအား အာဆီယံသည် ဆွေးနွေးမည်၊ သို့သော်ဖိအားကြောင့်မဟုတ်ဟု ထိုင်းမှဆို၏၊

**ဖေဖေါ်ဝါရီ ၂၇၊MAE SOT ။** ။ မဲဆောက်တွင် ၂ ရက်တွင်း တရားမဝင်မြန်မာ ၆၀၀ခန့်အား အာရက္ခဦးတွင် နေအိမ်တွင်းဝင်ရောက်စစ်ဆေး ဖမ်းဆီးခဲ့၏၊ ထွက်ပြေးသူများအားရိုက်နှက်ဖမ်းဆီးခဲ့ကြောင်း။

**ဖေဖေါ်ဝါရီ ၂၇။ DVB။** ။ International Development Enterprise မှ မုန်တိုင်းဒဏ်ထိ လယ်သမားများထံ အခမဲ့လှူဒါန်းထားသည့် ဓါတ်မြေသြဇာများကို ဘိုကလေးဖက်တွင် မြို့နယ်အာဏာပိုင်များမှ လယ်သမားများထံမှ ငွေတောင်းနေကြောင်း။

**ဖေဖေါ်ဝါရီ ၂၇၊ Mizzima။** ။ တိုင်းရင်းလူမျိုးများကောင်စီ ENC သည် ဩစတေးလျအား မြန်မာရင်ကြားစေ့ဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် မြန်မာသို့ အထူးသံစေလွှတ်ရန် တောင်းဆိုထား၏။

## ပြည်ပအလုပ်အကိုင်တွေရှား ပြည်တွင်းအောဂျင်စီတွေနား

**DVB ၊ ဖေဖော်ဝါရီ ၂၆ ။** ။ မြန်မာတွေ အလုပ်သွားလုပ်တာများတဲ့ မလေးရှားနဲ့ စင်္ကာပူတို့က လူခေါ်တာမရှိသလောက်ဖြစ်နေလို့ ရန်ကုန် အလုပ်သမားအေဂျင်စီတချို့ အလုပ်ရပ်နားနေရတယ်လို့ သိရပါတယ်။

မနှစ်က သဘောတူညီခဲ့တဲ့ အလုပ်သမားတွေကိုသာခေါ်ပြီး အသစ်ထပ်ခေါ်တာမရှိတဲ့အတွက် တနှစ်ကို အလုပ်သမား ၃၀၀ ကို ပြည်ပ မပို့နိုင်ရင် လိုင်စင်ဖျက်ရမယ်လို့ အာဏာပိုင်တွေက ဆိုတာကြောင့် အခက်တွေ့နေရတယ်လို့ ဆိုပါတယ်။ ရုံးခန်းဖွင့်ဖို့တောင် အနိုင်နိုင်ဖြစ်နေတယ်လို့ ရန်ကုန်ရှ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီရဲ့ မန်နေဂျင်းဒါရိုက်တာတဦးက ပြောပါတယ်။

ကာတာ စတဲ့ ရေနံထွက်တဲ့တိုင်းပြည်တွေကတော့ အလုပ်သမား ခေါ်နေတုန်းပဲလို့ ပြောပါတယ်။ မလေးနဲ့ စင်္ကာပူကနေ အလုပ်သမား မခေါ်တော့တာကို မသိတဲ့နယ်ကလူတွေအေဂျင်စီတွေမှာ အလုပ်လျှောက်နေတုန်းပဲလို့ ပြောပါတယ်။

စင်္ကာပူသင်္ဘောကျင်းအတွက် အလုပ်အလိုရှိတယ်လို့ကြော်ငြာတဲ့ အေဂျင်စီတခုကို မေးကြည့်ရာမှာ စင်္ကာပူ ဒေါ်လာ ၃၀၀၀ လောက်ကုန်ကျပြီး သုံးနှစ်စာချုပ်နဲ့ တလ စင်္ကာပူဒေါ်လာ ၇၅၀–၈၀၀ လောက်ပဲ ရပြီး ကိုယ့်စားရိတ်ကိုယ်စားဖြစ်တယ်လို့ ဖြေပါတယ်။

မနှစ်ကထက် လုပ်ငန်း ၇၅ ရာခိုင်နှုန်းကျသွားပြီး တချို့ အေဂျင်စီတွေ အလုပ်ရပ်ထားတယ်လို့ သိရပါတယ်။

---

## အခမဲ့ဓာတ်မြေသြဇာအတွက်အာဏာပိုင်များငွေတောင်း

**DVB ၊ ဖေဖော်ဝါရီ ၂၅ ။** ။ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်မှာ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ IDE က ပုလဲဓာတ်မြေသြဇာ ဖြန့်ဝေရာမှာ ဒေသခံအာဏာပိုင်တွေက လယ်သမားတွေဆီကနေ ငွေတောင်းနေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဘိုကလေးမြို့ ညီနောင်ဒိုင်နယ်အပိုင်းမှာ ကျေးရွာရယကဥက္ကဋ္ဌ နဲ့ အတွင်းရေးမှူးတို့က လယ်သမား ၃၀၀ ကို တဦးလျှင် ဓာတ်မြေသြဇာ ၂ အိတ်စီပေးပြီး ကျပ် ၁၅၀၀ စီတောင်းနေတယ်လို့ ပြောပါတယ်။

နိုင်ငံတကာ ကူညီရေးအဖွဲ့တွေက လယ်သမားတွေဆီကို တိုက်ရိုက်ပေ့ါနော်၊ စရိတ်စက ကအစ အားလုံးပံ့ပိုးပြီးသားလို့ ကျနော်တို့ နားလည်တယ်လေ၊ ဖြစ်စေချင်တာက ဒီအဖွဲ့တွေက လယ်သမားတွေကို ပေးမယ်၊ ဓာတ်မြေသြဇာ၊ မျိုးစပါး ကျန်တဲ့ဟာတွေ ဘယ်လိုပဲပေးပေး ထိထိရောက်ရောက် လယ်သမားလက်ထဲမှာ အနှောင်အဖွဲ့ ကင်းကင်းနဲ့ ရောက်စေချင်တယ်။

သစ်ဖြူချောင်းအပါအဝင် အခြားဒိုင်နယ်တွေမှာလည်း ရယကတွေက အလားတူကောက်ခံနေတယ်လို့ သိရပါတယ်။

NGO တွေအနေနဲ့ ဓာတ်မြေသြဇာ၊ မျိုးစပါး၊ စက်ပစ္စည်း စတာတွေကို ဖြန့်ဝေပေးမယ်ဆိုရင် လယ်သမားလက်ထဲသာ တိုက်ရိုက်ထည့်သင့်တယ်လို့ ဒေသခံတွေက ပြောပါတယ်။

## ရုပ်ရှင်ထဲ၌ ဆင်းရဲနွမ်းပါးခွင့်မရှိ

**DVB ၊ ဖေဖော်ဝါရီ ၂၅ ။** ။ မြန်မာရုပ်ရှင်ဇာတ်ကားတွေထဲက ဆင်းရဲတဲ့ဇာတ်ဝင်ခန်းတွေကြောင့် နိုင်ငံဂုဏ်သိက္ခာကျနိုင်တယ်ဆိုပြီး ဆင်းရဲတဲ့ဇာတ်ဝင်ခန်းတွေမရိုက်ဖို့ မြန်မာ့ရုပ်ရှင်လုပ်ငန်းက တားမြစ်ပါတယ်။

ကြိုးတန်း အမည်ရှိ ရုပ်ရှင်ကို အကြောင်းပြုပြီး အခုလို စတင်တားမြစ်လိုက်တာလို့ ရုပ်ရှင်ဒါရိုက်တာတဦးက ပြောပါတယ်။ ကျော်ဟိန်း၊ ကျော်ရဲအောင်၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သရုပ်ဆောင်ထားတဲ့ ကြိုးတန်း ဇာတ်ကားမှာ သောင်ပြင်မှာတဲထိုးပြီးနေရတဲ့ ဧရာဝတီမြစ်ဘေးက တံငါသည်လင်မယားစုံတွဲ ၂ တွဲရဲ့ဘဝကို သရုပ်ဖော်တင်ပြထားတာပါ။

လက်ရှိပြသနေတဲ့ဇာတ်ကားတွေဟာ နိုင်ငံဂုဏ်သိက္ခာကျဆင်းစေပြီး နောင်အခါ ဒီလိုဆင်းရဲတဲ့ဇာတ်ဝင်ခန်းတွေမရိုက်ဖို့ ထုတ်လုပ်သူတွေကို မြန်မာ့ရုပ်ရှင်လုပ်ငန်းက ပြီးခဲ့တဲ့လက စာပေးပို့တယ်လို့ ရုပ်ရှင်ထုတ်လုပ်သူတွေက ပြောပါတယ်။

ရုပ်ရှင်မင်းသားကျော်သူက ဒီလို စည်းမျဉ်းစည်းကမ်းတွေများလာတဲ့အတွက် ကျနော်သာ လက်ရှိ ထုတ်လုပ်သူတယောက်ဆိုရင် ဇာတ်ကားတွေ ရိုက်တော့မှာမဟုတ်ဘူး၊ ရှာဖွေရတဲ့ဇာတ်ဆိုတာက တကယ့်ဘဝသရုပ်ဖော်၊ တကယ့် လူတွေဖြစ်ပျက်နေတာတွေနဲ့ အနီးစပ်ဆုံးဖြစ်အောင်ရှာနေရတာ။

ထုတ်လုပ်သူတွေအပါအဝင် ရုပ်ရှင်လောကသားတွေက ဒီလိုပြောနေပေမဲ့ မြန်မာ့ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ က ဒီလိုပိတ်ပင်တားမြစ်တာမရှိဘူးလို့ ပြောပါတယ်။ ဆင်းရဲတဲ့အခန်းတွေကိုရိုက်ရင် လိုက်လျောညီထွေရိုက်ဖို့ ပြောတာပဲရှိပါတယ်။ တားမြစ်ထားတာ ဘာမှမရှိပါဘူး၊ ဥပမာ ၁၉၅၀ ခုနှစ် ၆၀ ခုနှစ်က ခေတ်မျိုးရိုက်ရင်အဲဒီခေတ်နဲ့ တူအောင်လုပ်ပြီးရိုက်ပါ၊ ဒီခေတ် ဒီစနစ်နဲ့ရိုက်ရင် ဒီခေတ် ဒီစနစ်အတိုင်းရိုက်ပါ၊ ဒါတွေပဲ ပြောထားတာရှိပါတယ်။ ရုပ်ရှင်လုပ်ငန်းက တားမြစ်တယ်ဆိုတာ မရှိပါဘူး။

ဆင်းရဲတဲ့ဇာတ်ဝင်ခန်းတွေရိုက်ဖို့ ကန့်သတ်ချက်တွေရှိနေတဲ့အတွက် ရုပ်ရှင်ရိုက်ကူးရေးမှာ ခြံဝင်းကြီးတွေကို ငှားပေးတဲ့ရန်ကုန်က တိုက်ပိုင်ရှင်တွေ ပိုပြီးအဆင်ပြေလိမ့်မယ်လို့ ထုတ်လုပ်သူတွေက ပြောပါတယ်။ ဘဝသရုပ်ဖော်ဇာတ်လမ်းတွေအရိုက်များတဲ့ သန်လျင်ဘက်မှာ ရိုက်ကူးမှုနည်းသွားနိုင်တယ်လို့လည်း ပြောကြပါတယ်။

---

### မျက်နှာဖုံးမှ

အာဏာပိုင်တွေဟာ နိုင်ငံရေးအကျဉ်းသား ၂၀ ကျော်နဲ့ တခြားအကျဉ်းသား စုစုပေါင်း ၆၃၁၃ ဦးကို ပြန်လွှတ်ပေးခဲ့ပါတယ်။

ဒါပေမဲ့ AAPP-B က နိုင်ငံရေးအကျဉ်းသား ၂၀၀၀ လောက်ရှိတဲ့ မြန်မာပြည်မှာ အခုလို ၂၄ ဦးထဲလွှတ်ပေးတာဟာ အင်မတန်နည်းတယ်လို့ ဆိုပါတယ်။ ကိုတိတ်နိုင်က ကုလသမဂ္ဂအနေနဲ့ မြန်မာစစ်အာဏာပိုင်တွေအပေါ် အစွမ်းကုန်ကြိုးစားပြီး ဖိအားပေးဖို့တိုက်တွန်းပါတယ်။ စစ်အစိုးရအပေါ် တိုက်တွန်းပါတယ်လို့ ပြောမယ့်အစား ထိရောက်စွာဖိအားပေးဖို့လိုတယ်လို့ ဆိုပါတယ်။

# တောမီးမကူးအောင် မြန်မာအစိုးရ ကြိုးစားသင့်ဟု တရုတ်မီဒီယာသတိပေး

**DVB ၊ ဖေဖော်ဝါရီ ၂၅ ။** ။ အိမ်နီးချင်းနိုင်ငံကို တောမီးမကူးအောင် မြန်မာအစိုးရက ကြိုးပမ်းသင့်ပါတယ်လို့ တရုတ်မီဒီယာတွေက ဒီနေ့သတိပေးပြောဆိုပါတယ်။

ပြီးခဲ့တဲ့အပတ်အတွင်း စတင်လောင်ကျွမ်းတဲ့ တရုတ်–မြန်မာနယ်စပ်တောမီးကြောင့် မြန်မာပိုင်နက်ထဲမှာ သစ်တောရေိယာအနည်းဆုံး ဟက်တာ ၂၀၀ လောက် လောင်ကျွမ်းသွားပြီး တရုတ်ပိုင်နက်ထဲမှာ အနည်းဆုံး ဟက်တာ ၆၀ လောက် လောင်ကျွမ်းသွားတာကြောင့် တရုတ်မီဒီယာတွေက ဒီလိုသတိပေးလာတာပါ။

မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်ကန်ပိုက်တီးတောင်ကြားနဲ့ ပန်ဝါတောင်ကြားမှာ ပြီးခဲ့တဲ့အပတ်အတွင်း တောမီးစလောင်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ် ထိန်ချုံးခရိုင်အထိ ကူးစက်လောင်ကျွမ်းလို့ တရုတ်အစိုးရက လူအင်အား ၃၀၀၀ ကျော်နဲ့ ငြိမ်းသတ်တာ မနေ့ကမှ အပြီးသတ်ငြိမ်းသွားတယ်လို့ တရုတ်နယ်စပ်ဒေသခံတွေက ပြောပါတယ်။

တရုတ်အစိုးရရဲ့ သတင်းဌာနရဲ့ကြေညာချက်အရ တောမီးကို မြန်မာပြည်ဘက်က ကိုယ့်ဒေသတွင်းမှာ နိုင်နင်းအောင်ငြိမ်းသတ်ဖို့ မြန်မာအာဏာပိုင်တွေကို တောင်းဆိုထားပါလျက် မြန်မာဘက်ကကူးစက်လာတဲ့ တောမီးကြောင့် တရုတ်ဘက်က သစ်တောတွေလည်း ဆုံးရှုံးရတာကို ထည့်သွင်းကြေညာသွားတယ်လို့ တရုတ်နယ်စပ်ဒေသခံတဦးက ပြောပါတယ်။

အဲဒီဒေသက အများအားဖြင့် သစ်လုပ်ငန်းတွေ သစ်ခိုးထုတ်တာတွေလည်းရှိတယ်လေ၊ မီးကြွင်းမီးကျန်က လောင်သလားမသိဘူး၊ အဲဒီနေရာ လူလည်းမနေဘူး။ စလောင်တဲ့အခါ ဗမာဘက်က ဘာအကြောင်းမပြန်ဘူး၊ အဲဒီဘက်မီးက တရုတ်ဘက်ကို ကူးလာတာကိုး။ ။ ။

**စာမျက်နှာ ၆ မှ**

– ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းအရ အရွယ်ရောက်သောအမျိုးသားအမျိုးသမီးအားလုံး မဲပေးပိုင်ခွင့်ရှိရမည်။ ဒီမိုကရေစီသည် ဤအခွင့်အရေးကို လူနည်းစုတိုင်းရင်းသားများ၊ မသန်မစွမ်းများကိုကန့်သတ်ခြင်းမရှိ၊ ထို့အတူ ပညာတတ်သူများ၊ ကြွယ် ချမ်းသာသူများကိုသာ ဤအခွင့်အရေးရမည်ဟု သတ်မှတ်ထားခြင်းမရှိ။

– ပြည်သူ့ကိုယ်စားလှယ်အဖြစ် သို့မဟုတ် မဲပေးသူအဖြစ် လွတ်လပ်စွာ မှတ်ပုံတင်နိုင်ရမည်။

– ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်စွာပြောဆိုနိုင်ရမည်။ ဒီမိုကရေစီသည် ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများ၊ လက်ရှိအစိုးရလုပ်ဆောင်ချက်များကို ဝေဖန်ခြင်းမပြုရဆိုသည်ကို ကန့်သတ်ထားခြင်းမရှိ။

– မဲဆန္ဒရှင်များသည် လွတ်လပ်သောသတင်းမီဒီယာမှတဆင့် ရွေးကောက်ပွဲဆိုင်ရာကန့်ကွက်မှုများကို သိရှိပိုင်ခွင့်ကဲ့သို့သော အခွင့်အလမ်း များစွာရှိရမည်။

– နိုင်ငံရေးဟောပြောပွဲများနှင့် စည်းရုံးလှုံ့ဆော်မှုများကို လွတ်လပ်စွာပြုလုပ်နိုင်ရမည်။

– ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ပါတီကို ကိုယ်စားပြုသော ကိုယ်စားလှယ်လောင်းများသည် မဲပေးသည့်နေရာနှင့် ဝေးကွာသော

**စာမျက်နှာ ၃ မှ**

အခြေစိုက် အရှေ့တောင်အာရှလေ့လာရေးဌာနမှာ လုပ်ကိုင်နေတဲ့ ဦးသန်းမြင့်ဦး ကတော့ အမေရိကန်ပြည်ထောင်စုဟာ မြန်မာပြည်ကိစ္စကို နံပတ်တစ် ဦးစားပေးလုပ်မယ်၊ ပြီးတော့ တရုတ် အိန္ဒိယတို့ပါ ပါဝင်လာအောင်လုပ်နိုင်မယ်ဆိုရင် ပြစ်ဒဏ်ခတ်အရေးယူမှုဟာ ထိရောက်လိမ့်မယ်လို့ ဆိုပါတယ်။ အဲဒါအပြင် ဝါရှင်တန်အနေနဲ့ စစ်အုပ်စုနဲ့ တိုက်ရိုက်ပြောဆိုဆက်ဆံတာမျိုးကိုလုပ်သင့်တယ်ဆိုတဲ့အကြောင်းနဲ့ ဒါမှသာ နောင်တက်လာမယ့်စစ်တပ်ခေါင်းဆောင်တွေအပေါ် ဩဇာအရှိန်သက်ရောက်အောင်လုပ်နိုင်လိမ့်မယ်လို့ ဦးသန်းမြင့်ဦးက ပြောဆိုပါတယ်။

---

နေရာတွင် ရှိနေမည်ဆိုသည့် စည်းမျဉ်းရှိရမည်။ (ရွေးကောက်ပွဲအရာရှိများ၊ မဲရုံဝန်ထမ်းများ၊ နိုင်ငံတကာစောင့်ကြည့်သူများသည် မဲပေးရေးလုပ်ငန်းစဉ်များကို ကူညီပေးနိုင်သည်၊ သို့သော် မည်သူ့ကိုမဲပေးမည်ဆိုသည့်ရွေးချယ်မှုတွင်ပါဝင်ခြင်းမပြုရ)

– ရွေးကောက်ပွဲကျင်းပမှုနှင့် ရွေးကောက်ပွဲရလဒ်စစ်ဆေးမှုတွင် ဘက်လိုက်မရှိစေရန်နှင့်ထိန်းညှိထားသည့်စနစ်ရှိရမည်။ (စနစ်တကျလေ့ကျင့်ထားသည့်ရွေးကောက်ပွဲအရာရှိများသည် နိုင်ငံရေးအရ သီးခြားကင်းလွတ်မှုရှိရမည်၊ ရွေးကောက်ပွဲကို စောင့်ကြည့်သည့်သူများတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်သင့်သည်)

– မဲပေးရမည့်နေရာများသို့ အဆင်ပြေပြေသွားရောက်နိုင်ရမည်၊ လျှို့ဝှက်စွာဆန္ဒပြုနိုင်သည့်နေရာရှိရမည်၊ မဲပုံးများလုံခြုံမှုရှိရမည်၊ မဲရေတွက်မှုသည် အများပြည်သူအလွယ်တကူမြင်သာထင်သာ ရှိရမည်။

– လျှို့ဝှက်စွာမဲပေးမှုရှိရမည်။ ဆိုလိုသည့်အဓိပ္ပာယ်မှာ မဲဆန္ဒရှင်တဦးသည် မိမိက ကိုယ်စားလှယ် သို့မဟုတ် ပါတီ ကိုရွေးချယ်လိုက်ခြင်းကြောင့် ဆန့်ကျင်ခံရခြင်း၊ ဖိနှိပ်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းမရှိစေရ။

– ရွေးကောက်ပွဲမသမာမှုများအတွက် ဥပဒေကြောင်းအရ တားမြစ်ကန့်သတ်မှုများရှိရမည်။ (မဲကိုနှစ်ကြိမ်ရေတွက်ခြင်း၊ မဲဝှက်ခြင်းစသည့် မဲရေတွက်မှုတွင် အသာစီးရရန်လုပ်ဆောင်မှုများကို တားမြစ်အရေးယူမည့်ဥပဒေရှိရမည်)

– မဲပြန်လည်ရေတွက်ခြင်းနှင့် ယှဉ်ပြိုင်မှုလုပ်ငန်းစဉ်များသည် ကောင်းမွန်မှန်ကန်စွာဖြင့်လုပ်ဆောင်နိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်မှုနှင့် ဥပဒေကြောင်းအရ လုပ်ထုံးလုပ်နည်းများရှိရမည်။

မဲပေးခြင်းနည်းလမ်းများသည် တနိုင်ငံနှင့်တနိုင်ငံမတူညီနိုင်ပေ၊ တခါတရံတွင် နိုင်ငံတွင်း၌ပင် ကွဲပြားမှုရှိနိုင်သည်၊ သို့သော်လည်း အောက်ဖော်ပြပါအချက်များလိုအပ်ပေသည်။

– စက္ကူမဲပြားများ(မဲပြားပေါ်တွင် အမှတ်သင်္ကေတခြစ်ခြင်း သို့မဟုတ် အပေါက်ဖောက်ခြင်း)

– မဲပြားပေါ်တွင် ကိုယ်စားလှယ်လောင်းများ၏ရုပ်ပုံ သို့မဟုတ် ပါတီအမှတ်သင်္ကေတရှိရမည်၊ သို့မှသာ စာမတတ်သောမဲဆန္ဒရှင်များ ၄င်းတို့မဲပေးချင်သည့်ကိုယ်စားလှယ်၊ ပါတီကို မှန်ကန်စွာ မဲပေးနိုင်မည်။

– အီလက်ထရွန်နစ်မဲပေးမှုစနစ်တွင် မဲဆန္ဒရှင်သည် စက်ကိရိယာ၏မျက်နှာပြင်ပေါ်ထိတွေ့ကာ ဆန္ဒပြုခြင်း သို့မဟုတ် ခလုတ်များနှိပ်ကာ ဆန္ဒပြုခြင်းဖြစ်ရမည်။

– မဲပေးသည့်နေ့တွင် လာရောက်မဲမပေးနိုင်သော မဲဆန္ဒရှင်များအတွက် ကြိုတင်မဲကို ရွေးကောက်ပွဲကျင်းပရက်မတိုင်မီပေးပိုင်ခွင့် ရှိရမည်။

ဒို့တိုင်းပြည် THE SAD PLIGHT OF MYANMAR
www.faxtoon.com NO. 420, Feb 23 2009



# အခမဲ့နာရေးကူညီမှုအသင်းကို နအဖခြိမ်းခြောက်

**VOB ၊ ဖေဖော်ဝါရီ ၂၅ ။** ။ ရန်ကုန်အခြေစိုက် လူမှုရေးအသင်းတသင်းဖြစ်တဲ့ အခမဲ့နာရေးကူညီစောင့်ရှောက်မှုအသင်းကို နအဖစစ်အာဏာပိုင်တွေက ခြိမ်းခြောက်မှုတွေလုပ်ခဲ့တယ်လို့ သိရပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့က နာရေးကူညီမှုအသင်းကို လက်ရှိ ရန်ကုန်မြို့တွင်းတည်နေရာကနေ မြို့ပြင်ကို ဖေဖော်ဝါရီ ၂၈ ရက်နောက်ဆုံးထားပြီး ရွှေ့ဖို့ အမိန့်ပေးခဲ့တာဖြစ်ပါတယ်၊ နာရေးကူညီမှုအသင်းရဲ့ခေါင်းဆောင်တဦးဖြစ်တဲ့ ကျော်သူ ကို မြို့တော်စည်ပင်သာယာရေးအဖွဲ့က သဃ်န်းကျွန်းမှာရှိတဲ့ ပြဟ္မာ့ဝိဟာရကျောင်းမှာ အသုဘယာဉ်များ ရပ်နားတာမျိုးမလုပ်ရဘူးလို့လည်း အမိန့်ပေးတယ်လို့ ဆိုပါတယ်။ အဲဒီအစား မြို့ပြင်မှာရှိတဲ့ သင်္ချိုင်းမှာ အဲဒီကားတွေကိုရပ်ရမယ်လို့ ပြောတယ်လို့ သိရပါတယ်။

ကျော်သူ က သူတို့ဟာ စည်ပင်သာယာရေးအဖွဲ့ကို အသုဘယာဉ်တွေ ရပ်နားဖို့ မြို့တွင်းမှာ နေရာတနေရာသတ်မှတ်ပေးဖို့ တောင်းဆိုခဲ့ကြောင်းနဲ့ အဲဒါကို သက်ဆိုင်ရာက ပြန်လည်အကြောင်းကြားတာမျိုး မရှိသေးကြောင်း၊ ဒီလိုအကြောင်းမပြန်မချင်း သူတို့ကတော့ သူတို့အလုပ်တွေကို ဆက်ပြီးလုပ်မယ်လို့ ဧရာဝတီစာစောင်ကို ပြောပါတယ်။

နာရေးကူညီစောင့်ရှောက်ရေးအဖွဲ့ဟာ ပြည်သူလူထုကြားမှာ လူပြောများပြီး လုပ်ရပ်တွေကို ထောက်ခံအားပေးမှုတွေများပြားလာနေပါတယ်။ အဲဒါကို စစ်အာဏာပိုင်တွေက စိုးရိမ်ကြောက်ရွံ့ပြီး အခုလို နည်းမျိုးစုံနဲ့ တင်းကျပ်မှုတွေ၊ ကန့်သတ်မှုတွေ လုပ်ကိုင်တာဖြစ်ပါတယ်။

နာရေးကူညီမှုအသင်းနဲ့ပတ်သက်ပြီး ပြည်တွင်း သတင်းမီဒီယာလောကမှာ ဖော်ပြတာမျိုးကို ကန့်သတ်ပိတ်ပင်ထားပြီး ၂၀၀၇ ခုနှစ် သံဃာ့အရေးအခင်းမှာပါဝင်တဲ့ နာရေးကူညီမှုအသင်းဝင်တချို့ကို စစ်အာဏာပိုင်တွေက ဖမ်းဆီးခဲ့ပါတယ်။

အဖွဲ့ဝင် ကျော်သူကတော့ သူတို့အနေနဲ့ အခမဲ့နာရေးကူညီမှုတွေကိုဆက်ပြီးလုပ်သွားမှာဖြစ်ကြောင်းကို ဒါက ကျနော်တို့ရဲ့အလုပ်၊ ပြည်သူတွေအတွက် ကျနော်တို့လုပ်ပေးတာ လို့ ဧရာဝတီကို ပြောဆိုခဲ့ပါတယ်။

---

# ဆိုင်ကလုန်ဒုက္ခသည်များ မိုးရာသီကိုကြောက်ရွံ့

**VOB ၊ ဖေဖော်ဝါရီ ၂၄ ။** ။ ပြီးခဲ့တဲ့နှစ်က ဆိုင်ကလုန်းနာဂစ်ဘေးဒဏ်သင့်ခဲ့ရတဲ့ ပြည်သူတွေဟာ လာမယ့်မိုးရာသီ ဆိုင်ကလုန်းတိုက်ခတ်တဲ့အချိန်အတွက် စိုးရိမ်မှုတွေအကြီးအကျယ်ရှိနေတယ်လို့ သိရပါတယ်။

နာဂစ်ဘေးဒုက္ခသည်တွေကို ကူညီစောင့်ရှောက်ရေးလုပ်ငန်းရဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာပြည်ရဲ့အကြီးအကဲ ဘီရှော ပါရာဂျူလီ က ပြည့်စုံလုံလောက်တဲ့နေရာထိုင်ခင်း၊ စာသင်ကျောင်း၊ ခိုလှုံရန်နေရာ စတာတွေ အပေါ်မှာ ဧရာဝတီတိုင်းက ပြည်သူတွေစိုးရိမ်နေကြတယ်လို့ ဆိုပါတယ်။

လူ တသိန်းသုံးသောင်းကျော် ပျောက်ဆုံးသေဆုံးခဲ့ ကြေကွဲဖွယ်ရာဖြစ်ရပ်ဆိုးကြီးကို နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းကူညီနေကြရာမှာ ကုလသမဂ္ဂ၊ အာဆီယံ၊ ဒိန်းမတ်၊ နော်ဝေးအပါအဝင် နိုင်ငံအတော်များများက ကူညီပံ့ပိုးမှုများပေးကြပါတယ်။

# မုန်တိုင်းကယ်ဆယ်ရေးပိတ်ဆို့မှုဖြင့် စစ်အစိုးရကို ခုံရုံးတင်ဖို့ တိုက်တွန်း

**VOA ၊ ဖေဖော်ဝါရီ ၂၈ ။** ။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ မနှစ်တုန်းက နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကျရောက်ပြီးနောက် မုန်တိုင်းသင့်ဒေသ ကပြည်သူတွေအတွက်ဆိုပြီး ပေးပို့တဲ့ နိုင်ငံတကာရဲ့ လူသားချင်းစာနာ မှုဆိုင်ရာထောက်ပံ့ကူညီမှုတွေအပေါ် တားဆီးပိတ်ဆို့ခဲ့တဲ့မြန်မာစစ်အစိုးရကို လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်တယ်လို့ စွပ်စွဲထားတဲ့ အစီရင်ခံစာတစောင် ထွက်ပေါ်လာခဲ့ပါတယ်။

ထိုင်း–မြန်မာနယ်စပ်တလျှောက်မှာ စေတနာ့လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ အမေရိကန်အခြေစိုက် ဂျွန်ဟော့ပ်ကင်းစ်တက္ကသိုလ်က ဘလွန်းဘာ့ဂ် ပြည်သူ့ကျန်းမာရေးဌာနနဲ့ အရေးပေါ်ကူညီထောက်ပံ့ရေးအဖွဲ့က အစီရင်ခံစာထဲမှာ တိုက်တွန်းထားပါတယ်။ မြန်မာစစ်အစိုးရကို နိုင်ငံတကာပြစ်မှုခုံရုံး JCC မှာ တရားစွဲဆိုစစ်ဆေးပေးဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အစီရင်ခံစာထဲမှာ တိုက်တွန်းထားပါတယ်။

မုန်တိုင်းသင့်ဒေသက အသက်မသေပဲ လွတ်မြောက်လာသူတွေ။ ကယ်ဆယ်ကူညီကြတဲ့သူ ဒါဇင်ပေါင်းများစွာကို မေးမြန်းစစ်ဆေးပြီး အစီရင်ခံစာရေးထားတာပါ။ မြန်မာစစ်တပ်ဟာ နိုင်ငံတကာကူညီထောက်ပံ့မှုကို အလွဲသုံးစားလုပ်တယ်၊ မုန်တိုင်းသင့်ပြည်သူတွေကို အတင်းအကျပ်နေရာရွှေ့၊ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ မုန်တိုင်းသင့်ပြည်သူတွေကို အခမ့စေခိုင်းတယ် စတဲ့ မျက်မြင်သက်သေတွေပြောတာတွေကို အထောက်အထားနဲ့ဖော်ပြထားပါတယ်။

စစ်အစိုးရက မုန်တိုင်းသင့်ပြည်သူတွေကို ကူညီထောက်ပံ့သူတွေကို ဖမ်းဆီးထောင်ချတာကိုလည်း အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။

---

**စာမျက်နှာ ၅ မှ**

တွေ ကျဆင်းအောင်မလုပ်နိုင်ဘူးဖြစ်နေတယ်လို့ ပြောသွားခဲ့ပါတယ်။

မြန်မာစစ်အစိုးရဟာ နိုင်ငံတကာ မူးယစ်ဆေးတိုက်ဖျက်ရေး အဖွဲ့အစည်းတချို့နဲ့ ပုံမှန်ဆိုသလို ပူးပေါင်းဆောင်ရွက်မှုတွေရှိလာခဲ့ပြီး အထူးသဖြင့် မူးယစ်ဆေးဝါးနဲ့ဆိုင်တဲ့ လှုပ်ရှားမှုတွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေမျှဝေပေးလာခဲ့ပါတယ်။ နောက်ပြီး ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံတွေနဲ့လည်း မူးယစ်ဆေးနှိမ်နင်းရေးလုပ်ငန်းတွေမှာ တိုးမြှင့်လုပ်ဆောင်လာတယ်ဆိုတဲ့အကြောင်း၊ ၂၀၀၈ ခုနှစ် မေလတုန်းက ဒုဗိုလ်ချုပ်ကြီးရဲမြင့်ကို သူ့ရဲ့သား အောင်ဇော်ရဲမြင့် ဟာ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်မှုနဲ့ပတ်သက်တယ်ဆိုပြီး ရာထူးက ဖယ်ရှားခဲ့ပါတယ်။ နောက်တခါ စစ်အစိုးရခေါင်းဆောင်တွေနဲ့ နီးစပ်တဲ့စီးပွားရေးသမား မောင်ဝိတ်နဲ့ အပေါင်းအပါ ၄ ယောက်ကိုလည်း ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ခဲ့ပါတယ်။

မြန်မာစစ်အစိုးရဟာ မူးယစ်ဆေးပပျောက်ရေး ၁၅ နှစ်ကြာစီမံကိန်းကို ၁၉၉၉ ခုနှစ်က ချမှတ်ထားပါတယ်၊ ၂၀၁၄ ကျရင် မြန်မာပြည်တခွင် မူးယစ်ဆေးကင်းစေရမယ်လို့ စီမံကိန်းချထားတာရှိပါတယ်။ ဒီလိုပြောတာဖြစ်လာအောင် မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးထုတ်လုပ်ဖြန့်ချိနေတာတွေ၊ ဘိန်းစိုက်ပျိုးနေတာတွေကို သိသိသာသာလျှော့အောင်လုပ်မှဖြစ်မယ်လို့ ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာပြည်ဟာ ဒုတိယလိုက်နေလို့ပဲဖြစ်ပါတယ်။

# သုံးလပတ်အစည်းအဝေးအတွက် နအဖပြင်ဆင် လူအပြောင်းအလဲဖြစ်ဖွယ်ရှိ

**VOB ၊ ဖေဖော်ဝါရီ ၂၆ ။** ။ မြန်မာစစ်အစိုးရဟာ မတ်လဒုတိယ သီတင်းပတ်မှာ ကျင်းပဖို့ရှိတဲ့ သုံးလပတ်စစ်ဘက်ဆိုင်ရာအစည်းအဝေး အတွက် ပြင်ဆင် မှုတွေလုပ်နေပြီလို့ သိရပါတယ်။

စစ်တပ်အတွင်းမှာရှိတဲ့ အကဲခတ်တွေကတော့ အဲဒီအစည်းအဝေး မှာ ဗိုလ်ချုပ်ကြီးတွေဟာ ရွေးကောက်ပွဲဥပဒေကို ကြေညာဖို့ရာရှိတယ်လို့ မဇ္ဈိမသတင်းတပုဒ်မှာ ဖော်ပြထားပါတယ်။

အဲဒီသုံးလပတ်အစည်းအဝေးကို ကြပ်ပြေးနေပြည်တော်မှာ ကျင်းပလေ့ရှိပြီး တိုင်းမှူးတွေ၊ တပ်မမှူးတွေ နဲ့ ဗိုလ်ချုပ်တွေ တက်ရောက် တဲ့အပြင် နယ်ပယ်အသီးသီးက ညွှန်ကြားရေးမှူးချုပ်တွေလည်း တက် ရောက်ကြတာမို့ အရေးပါတဲ့ အစည်းအဝေးတရပ်ဖြစ်ပါတယ်။

တရုတ်မြန်မာနယ်စပ်က စစ်ရေးလေ့လာသုံးသပ်သူ ဦးအောင် ကျော်ဇော က မဇ္ဈိမသတင်းကို ပြောတဲ့အထဲမှာ အဲဒီအစည်းအဝေးမှာ ရွေးကောက်ပွဲဥပဒေကိစ္စကို ဆွေးနွေးပြီးတဲ့နောက် ထုတ်ပြန်ကြေညာတာ မျိုးတွေ လုပ်နိုင်ခြေများတယ်လို့ ခန့်မှန်းပြောဆိုပါတယ်။ ဒါပေမဲ့လည်း စစ်တပ်အတွင်းမှာရှိတဲ့ တချို့အစိတ်အပိုင်းတွေ အထူးသဖြင့် လူဟောင်း အုပ်စုက ရွေးကောက်ပွဲဥပဒေ ထုတ်ပြန်ကြေညာရေးကို ဆက်ပြီး ဆိုင်းထားသင့်တယ်လို့ ဆိုတာကို ဦးအောင်ကျော်ဇောက ပြောပါတယ်။

သူက ဦးအောင်သောင်းနဲ့ ဦးကျော်ဆန်းတို့လို ဝန်ကြီးတွေက သူတို့တတွေဟာ ပြင်ဆင်မှုတွေကို တော်တော်လေးပြီးစီးနေပြီဖြစ်တဲ့ အတွက် ရွေးကောက်ပွဲဥပဒေကို ကြေညာသင့်တယ်လို့ တွေးထင်ကြတယ် လို့ ဆိုပါတယ်။ ဒါပေမဲ့လည်း ဗိုလ်ချုပ်သန်းရွှေနဲ့ မောင်အေးတို့ကတော့ ၁၉၉၀ ရွေးကောက်ပွဲမှာ အထိနာခဲ့တဲ့ဖြစ်ရပ်ကြောင့် အတိုက်အခံတွေကို ပြင်ဆင်ဖို့ရာ အကန့်အသတ်ဖြစ်စေသင့်တဲ့သဘောရှိတာကြောင့် ကြေ ညာမယ့်ကိစ္စကို ဆိုင်းငံ့လိုကြပါတယ်။

ဒီလိုအခြေအနေတွေကြောင့် အခုကျင်းပမယ့် သုံးလပတ်အစည်း အဝေးမှာ အခြေအနေအကြောင်းအရပ်အားလုံးကို ဆွေးနွေးဖို့ရာရှိတယ် လို့ ဦးအောင်ကျော်ဇောက သုံးသပ်ပါတယ်။

စစ်တပ်ဟာ ပုံမှန်အားဖြင့်ဆိုရင် ဂျန်နဝါရီ ၊ မေ ၊ စက်တင်ဘာတို့ မှာ အခုလိုအစည်းအဝေးမျိုးတွေကို ကျင်းပလေ့ရှိတယ်လို့ မဇ္ဈိမသတင်း မှာ ရေးသားထားပါတယ်၊ ဒါပေမဲ့လည်း ၂၀၀၈ ခုနှစ်မှာတော့ မေလ အစည်းအဝေးကို မကျင်းပဖြစ်ခဲ့ပါဘူး။ အဲဒါအပြင် စက်တင်ဘာ အစည်း အဝေးကိုလည်း နိုဝင်ဘာကိုပြောင်းရွှေ့ကျင်းပခဲ့ပါတယ်။

ဒီလိုအခြေအနေနဲ့ပတ်သက်ပြီး ဦးအောင်ကျော်ဇောက ထိပ်တန်း ဗိုလ်ချုပ်ကြီးတွေဟာ သူတို့ရဲ့စဉ်းစားဆုံးဖြတ်တာတွေကို အောက်က ဗိုလ် ချုပ်တွေကို ပြောပြ ရှင်းပြတဲ့အနေအထားမျိုးဖြစ်လာတဲ့အတွက် အဲဒီ အစည်းအဝေးရဲ့အနှစ်သာရဟာ တဖြည်းဖြည်းလျော့ပါးလာနေတယ်လို့ ထင်မြင်တယ်ဆိုတဲ့အကြောင်း ပြောပါတယ်။

ထိပ်တန်းဗိုလ်ချုပ်ကြီး ၅ ဦးဖြစ်တဲ့ သန်းရွှေ၊ မောင်အေး၊ သူရ ရွှေမန်း၊ သိန်းစိန် နဲ့ တင်အောင်မြင့်ဦး တို့ဟာ ကြိုတင်ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်မှုတွေလုပ်ပြီး သူတို့ထက်ငယ်တဲ့ဗိုလ်ချုပ်တွေကို ရှင်းပြတယ်လို့ သိရပါတယ်။ အဲဒီအစည်းအဝေးမှာ အကြံပြုချက် ဆွေးနွေးချက်တွေလုပ် ပေမဲ့လည်း အဓိကဆုံးဖြတ်ချက်တွေကိုတော့ ထိပ်သီးဗိုလ်ချုပ်ကြီး ၅ ဦး က ပဲလုပ်တာဖြစ်ပါတယ်။ အခုလိုအစည်းအဝေးမှာ ရာထူးနေရာ အပြောင်းအလဲတွေ အမြဲ လုပ်လေ့ရှိပါတယ်။

---

Voice of Burma


1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp


၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

To

PRINTED MATTER